ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့။ Friday, 26 July 2019 ၉၇၂၂

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်ဝန်ကြီးချုပ် မစ္စတာ ဘောရစ်ဂျွန်ဆင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ဗြိတိန်နိုင်ငံ၏ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်နှင့် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စတာ ဘောရစ်ဂျွန်ဆင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။

# ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲတတ်အောင် လေ့ကျင့်သင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်း

နေပြည်တော် ဇူလိုင် ၂၅

**ဓာတုသုံးပိုးသတ်ဆေးနှင့် မြေသြဇာထုတ်လုပ်သူများ၊ တင်သွင်းသူများနှင့် စိုက်ပျိုးထုတ်လုပ်သူများသည် မိမိတို့ဘဝရှင်သန်ရပ်တည်နိုင်ရေး ထုတ်လုပ်နေကြသကဲ့သို့ စားသုံးသူများ၏ အသက်နှင့် ကျန်းမာရေးအတွက်လည်း တာဝန်ခံနိုင်စေရန် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်းက ပြောကြားသည်။**



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။

ထို့ပြင် ၎င်းက ထုတ်လုပ်ပြီး ဟင်းသီးဟင်းရွက်နှင့် သီးနှံများသည် စားသုံးသူများအတွက် ဘေးဥပဒ်အန္တရာယ်မရှိစေရေး၊ ကျန်းမာရေးအထောက်အကူဖြစ်စေရေးတို့ကို တာဝန်ယူ ဆောင်ရွက်သွားနိုင်ရန် လိုအပ်ကြောင်း ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် **"စိုက်ပျိုးရေး ထုတ်ကုန်အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဂေဟစနစ်မပျက်စီးရေးအတွက် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ စနစ်တကျ သုံးစွဲတတ်အောင် လေ့ကျင့်သင်ကြားပေးရန်နှင့် အပြင်းစားဆေးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းကို စိစစ်ကြပ်မတ်တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုတင်သွင်းရာတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းအဆိုတွင် မိမိတို့နေ့စဉ်စားသုံးနေသည့် ဟင်းသီးဟင်းရွက် အသီးအနှံအားလုံးသည် ဓာတုဆေးဝါးများနှင့်မကင်းဘဲ စနစ်တကျအသုံးပြုထားခြင်း မရှိသည့်အတွက်

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆

ကြေးမုံ
**ယနေ့ ဖတ်စရာ**

တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ သတင်းစာရှင်းလင်းပွဲ ပြုလုပ် စာမျက်နှာ » ၇

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံဒေသရှိ ဘုရားများအား လှည့်လည်ဂုဏ်ပြုပူဇော်မည့် စက်ဘီးစီးအဖွဲ့ ရန်ကုန်မြို့မှ စတင်ထွက်ခွာ စာမျက်နှာ » ၈



# ကြေးမုံ

## မြန်မာ့အမွေအနှစ်မှ ကမ္ဘာ့အမွေအနှစ်သို့

မြန်မာနိုင်ငံသည် ရှေးဟောင်းအမွေအနှစ်များ ပေါများကြွယ်ဝသည့်နိုင်ငံဖြစ်၍ ဂုဏ်ယူဝင့်ကြွားဖွယ်ဖြစ်သည်။ မြန်မာနိုင်ငံရှိ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူမြို့ဟောင်း သုံးမြို့ကို ၂၀၁၄ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံ၏ ပထမဆုံးကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။ ယခုအခါ မြန်မာနိုင်ငံသားအားလုံး၏ နှလုံးသားတွင် အထင်ကရတည်ရှိနေသည့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ယခုနှစ် ဇူလိုင်လ ၆ ရက်နေ့က ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အောင်မြင်စွာသတ်မှတ်နိုင်ခဲ့သည်။

ယင်းသို့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ခဲ့သည့်အတွက် နိုင်ငံသူနိုင်ငံသားအားလုံး ဂုဏ်ယူဝမ်းမြောက် ဖြစ်ကြရမည်ဖြစ်သည်။ ဇူလိုင်လ ၂၃ ရက်နေ့က နေပြည်တော်တွင်ကျင်းပသော ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ပါဝင်ဆောင်ရွက်ပေးခဲ့သည့် ပုဂ္ဂိုလ်များနှင့်အဖွဲ့အစည်းများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားနှင့် ညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက "မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာကသိရှိခွင့်ရပြီး ကမ္ဘာတွင် မြန်မာ၏ဂုဏ်သိက္ခာမြင့်တက်လာပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံ၏ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ဒေသများဖြစ်သည့် မြောက်ဦးရှေးဟောင်းဒေသ၊ ရွှေတိဂုံစေတီတော်နှင့် ပြဒါးလင်းဂူ အစရှိသည့် ရှေးဟောင်းနေရာဒေသများကိုလည်း မြန်မာ့အမွေအနှစ်မှ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း" ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များသည် ရှေးဦးကာလကတည်းက မြန်မာနိုင်ငံ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားထည်ဝါမှုကို ဖော်ညွှန်းပြသနိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ဗိသုကာလက်ရာ အရည်အသွေးမြင့်မားသည့် စေတီ၊ ဘုရားပုထိုး၊ ကျောင်းကန်၊ တန်ဆောင်းများ နိုင်ငံတစ်ဝန်း ပေါများကြွယ်ဝလှပြီး ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံများနှင့် မြို့ပြနန်းတော်များမှာ သမိုင်းတင်ခဲ့သည့် နေရာဒေသများတွင် ယနေ့ထက်တိုင်တည်ရှိနေသည်။ ယင်းဒြပ်ရှိယဉ်ကျေးမှုများအပြင် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံ၊ ဘာသာစကားနှင့် စာပေများ စသည့်ဒြပ်မဲ့ယဉ်ကျေးမှုများ အမြောက်အမြားရှိသည်။ ယင်းတို့သည် နိုင်ငံအတွက် ဂုဏ်တက်စရာဖြစ်သလို နိုင်ငံတကာခရီးသွားများအတွက် ဆွဲဆောင်စရာ စွဲမက်စရာများဖြစ်သည်။

ထို့ကြောင့် ထိုရှေးအစဉ်အဆက် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်သည်။ ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စီမံဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းစဉ်များ၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ၊ မြို့ပြလူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ စသည့်အစီအမံများကို သက်ဆိုင်ရာဌာနများနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး ယဉ်ကျေးမှုဥပဒေများနှင့်အညီ ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရမည် ဖြစ်သည်။

ရှေးဟောင်းအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေးသည် အထူးအရေးကြီးသည်။ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေးကို အလေးထားဆောင်ရွက်နိုင်သလို နိုင်ငံသားတိုင်းက မိမိတို့၏ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားချစ်မြတ်နိုးသည့်စိတ်ထားများ ထားရှိမွေးမြူသွားရန် လိုအပ်သည်။ ယဉ်ကျေးမှုအမွေအနှစ်များသည် နိုင်ငံ့ဂုဏ်မြင့်မားထည်ဝါမှုကို ထင်ဟပ်ဖော်ပြနိုင်ခဲ့သလို ယခုလက်ရှိမှ နောင်သားစဉ်မြေးဆက် ဂုဏ်ယူဝင့်ကြွားနိုင်စေရန်အတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်နိုင်ရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ကမ္ဘာ့အမွေအနှစ်မဝင်သေးသော ထင်ရှားကျော်ကြားသည့် ရှေးဟောင်းအမွေအနှစ်လက်ရာများ၊ မြတ်နိုးဖွယ်ရာမြန်မာ့အမွေအနှစ်များ ပိုမိုတန်ဖိုးကြီးမား ဂုဏ်ဒြပ်ထည်ဝါစေမည့် ကမ္ဘာ့အမွေအနှစ်များစာရင်းသို့ ဝင်ရောက်စေရေးအတွက် သက်ဆိုင်ရာတို့နှင့်အတူ ပြည်သူအားလုံးတို့က ဝိုင်းဝန်းထိန်းသိမ်းမြှင့်တင် စောင့်ရှောက်ပေးရမည်ဖြစ်ပါကြောင်း။ ။

# နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး မစ္စတာမန်ဂျူရုလ်ကရင်ခမ် ချောင်ဒရီအား ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဧည့်ခန်း၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မကြာမီသွားရောက်မည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ် စီစဉ်ဆောင်ရွက်ထားမှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အမြဲတမ်းအတွင်းဝန်က နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အဆင်ပြေ ချောမွေ့စေရေးအတွက် ကျေးရွာအလိုက် စိစစ်ထားသည့် နေရပ်စွန့်ခွာသွားသူများစာရင်းကို သတ္တမအသုတ်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ပေးပို့ထားပြီးဖြစ်ကြောင်း၊ စိစစ်ပြီး နေရပ်စွန့်ခွာသွားသူများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံသို့ စတင်လွှဲပြောင်းပေးမည်ဆိုပါက ယင်းစိစစ်ပြီး နေရပ်စွန့်ခွာသွားသူများကို ဦးစားပေးဆောင်ရွက်သွားရန်နှင့် နှစ်နိုင်ငံသဘောတူညီချက်များကို လိုက်နာဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ စိစစ်ပြီးနေရပ်စွန့်ခွာသွားသူများကို ပြန်လည်လက်ခံရန် မြန်မာနိုင်ငံအနေဖြင့် အဆင်သင့်ရှိကြောင်း အသိပေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးလက်ဒေသများအရောက် ဒစ်ဂျစ်တယ်ငွေချေးစနစ် တိုးတက်လာမည်

**ရန်ကုန် ဇူလိုင် ၂၅**

မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်ငွေချေးလုပ်ငန်းတစ်ခုဖြစ်သည့် microfinance ကုမ္ပဏီများ တိုးတက်လာသည်နှင့်အမျှ ကျေးလက်ဒေသများအရောက် ဒစ်ဂျစ်တယ် ငွေချေးလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း ရန်ကုန်မြို့ ပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပသော ဒစ်ဂျစ်တယ်ငွေကြေးဆိုင်ရာပြပွဲမှ သိရသည်။



**ကျေးရွာတွေအရောက် ကွင်းဆင်း**

"အရင်တုန်းကဆိုရင် ကျေးရွာတွေမှာ ငွေလိုအပ်လို့ချေးချင်ရင် ငွေရှိတဲ့သူတွေဆီကို သွားချေးကြရပါတယ်။ အခုအခါ microfinance ကုမ္ပဏီတွေများလာတော့ ငွေချေးချင်တယ်ဆိုရင် ကိုယ့်ရဲ့ ဖုန်းတွေ၊ တက်ပလက်တွေ၊ ကွန်ပျူတာတွေကနေတစ်ဆင့် ချေးယူနိုင်မယ့် ကုမ္ပဏီရဲ့ လိပ်စာတွေကနေ မိမိရဲ့ အချက်အလက်တွေ ထည့်ပြီး ပိုက်ဆံချေးလို့ရနေပြီ ဖြစ်ပါတယ်။ အခုဆိုရင် microfinance ကုမ္ပဏီတွေကလည်း ကျေးရွာတွေအရောက် သွားရောက်ကွင်းဆင်းကြပါတယ်။ ငွေချေးသူတွေရဲ့ပိုင်ဆိုင်မှုအထောက်အထားတွေ ပြသနိုင်မယ်ဆိုရင် ငွေချေးပေးနေပြီဖြစ်ပါတယ်"ဟု First Myanmar မှ ဒစ်ဂျစ်တယ်ငွေကြေးစနစ်ပညာရှင် ဦးအောင်ကျော်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ဗဟိုဘဏ်၏ခွင့်ပြုချက်ဖြင့် စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်နေသော microfinance ကုမ္ပဏီပေါင်း ၁၀၀ ကျော်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်ငွေချေးစနစ်ကို လွန်ခဲ့သောဆယ်စုနှစ်မှ စတင်ခဲ့သော်လည်း လူသိနည်းနေသေးကြောင်း၊ ယခုအခါ လူတိုင်းဖုန်းကိုင်နိုင်သည့်အတွက် ဒစ်ဂျစ်တယ်ငွေချေးစနစ်မှာ လျင်မြန်စွာ တိုးတက်လျက်ရှိကြောင်း ၎င်းက ရှင်းပြသည်။ ကျေးလက်နေပြည်သူများအနေဖြင့် ငွေကြေးအခက်အခဲ တစ်စုံတစ်ရာရှိပါက မိမိတို့၏ ပိုင်ဆိုင်မှုများကို ရိုက်ထည့်ဖော်ပြပြီး သက်ဆိုင်ရာ microfinance ကုမ္ပဏီများတွင် ငွေချေးနိုင်ပြီဖြစ်သည်။ မိမိတို့၏ နေရပ်လိပ်စာ၊ သန်းခေါင်စာရင်း၊ မှတ်ပုံတင်နှင့် ပိုင်ဆိုင်မှုများကို မိုဘိုင်းဖုန်းမှတစ်ဆင့် ရိုက်ထည့်ကာ ချေးယူနိုင်မည်ဖြစ်သည်။ မိုဘိုင်းဖုန်းများမှတစ်ဆင့် သက်ဆိုင်ရာငွေချေးကုမ္ပဏီများ၏ application ကို download ရယူပြီး ငွေလွှဲ၊ ငွေပို့လုပ်ငန်းများကိုလည်း ယခုအခါ မြို့ပြများသာမက ကျေးလက်ဒေသများအထိ လုပ်ကိုင်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သစ်ပင်နည်းလာ တို့ကမ္ဘာ
လွန်စွာပူအေး ဥတုဘေး

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၂၅**

ရန်ကုန်(ရွှေဈေး) ၁၁၅၀၀၀၀ - ၁၁၅၀၀၀၀   မန္တလေး(ရွှေဈေး) ၁၁၅၀၀၀၀ - ၁၁၅၀၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၈၀/၉၂၀ ကျပ် | ၉၂၅/၉၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၅၀/၉၀၀ ကျပ် | ၉၄၀/၉၅၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၈၁၀ ကျပ် | ၈၃၅/၈၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၉၀/၉၃၀ ကျပ် | ၉၄၀/၉၆၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၅/၈၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၅/၈၈၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၆၀/၇၇၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၃.၆ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၈၄.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၀.၁၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၈.၉၉၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၇.၆၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၄၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၄၀၀.၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၁၁ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၁.၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၀၈.၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 ၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် စတင်ထုတ်ဝေခဲ့သည်
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန (၃)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် ဝါဆိုသင်္ကန်းနှင့် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ (၃)နှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ် ဝါဆိုသင်္ကန်းနှင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌ ကျင်းပသည်။



**ပရိတ်တရားတော်များ နာယူ**

အခမ်းအနားတွင် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တ ကဝိသာရနှင့် ဆရာတော်၊ သံဃာတော်များထံမှ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် တက်ရောက်လာကြသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တ ကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ကိုယ်စားလှယ်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၅**

နေပြည်တော်သို့ လေ့လာရေးခရီး ရောက်ရှိနေသော ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။




**ဓလေ့ထုံးတမ်းစဉ်လာများ ထိန်းသိမ်း**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က နေပြည်တော်ခရီးစဉ်အတွင်း ဒေသန္တရဗဟုသုတများ ရရှိကြပြီး နေပြည်တော်တိုးတက်မှုများကို နမူနာယူကာ မိမိတို့ဒေသသို့ ရောက်ရှိသည့်အခါ ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြည်နယ်များရှိ ညွှန်ကြားရေးမှူးရုံးများနှင့် တိုက်ရိုက်ဆက်သွယ်ကာ မိမိတို့၏ တိုင်းရင်းသားအခွင့်အရေးများရရှိရေး၊ စကားစာပေ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ကိစ္စရပ်များကို ဆောင်ရွက်နိုင်ပါကြောင်း၊ ပြည်နယ်/တိုင်းဒေသကြီးများရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသအဖွဲ့ တိုင်းရင်းသားခေါင်းဆောင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းများသည် ဝန်ကြီးဌာန၏ တိုင်းရင်းသားရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် လက်တွဲဆောင်ရွက်နေသည့် မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်ပါကြောင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် မိမိတို့နေထိုင်ရာဒေသ၊ စကားစာပေ၊ ကိုးကွယ်ယုံကြည်မှု မည်သို့ပင် ကွဲပြားခြားနားကြပါစေ အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် သင့်သင့်မြတ်မြတ် နေထိုင်ကြရန်လိုပါကြောင်း၊ အရေးကြီးရင် သွေးနီးကြပါ၊ နွားကွဲရင် ကျားဆွဲခံရမှာဖြစ်သည့်အတွက် တစ်ဦးကိုတစ်ဦး ချစ်ချစ်ခင်ခင် ဥမကွဲသိုက်မပျက် ပြည်ထောင်စုကြီး ထာဝရအစဉ်တည်မြဲအောင် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြရေး တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးလှမော်ဦးက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန်အတွက် ကယားပြည်နယ်မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ကိုယ်စားလှယ် ၁၃ ဖွဲ့နှင့် ချင်းပြည်နယ်မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ကိုယ်စားလှယ် ၁၃ ဖွဲ့တို့ကို တစ်ဖွဲ့လျှင် ငွေကျပ်ငါးသိန်းစီဖြင့် ထောက်ပံ့ငွေကျပ် စုစုပေါင်း သိန်း ၁၃၀ ပေးအပ်သည်။

ထို့နောက် ကယားပြည်နယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ကိုယ်စားလှယ်များ ကိုယ်စား ဦးခွန်သာဒူးဦးနှင့် ချင်းပြည်နယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များကိုယ်စား ဦးဇိုပဲင်း(မရာ)တို့က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လေ့လာရေးအဖွဲ့များနှင့်အတူ ချစ်ကြည်ရင်းနှီးစွာဖြင့် ညစာသုံးဆောင်ခဲ့ကြပြီး ညစာသုံးဆောင်စဉ် တိုင်းရင်းသားရိုးရာတေးသီချင်းများ၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)မှ ယဉ်ကျေးမှုအကအဖွဲ့များ၏ အကအလှုများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

တိုင်းရင်းသားလေ့လာရေးအဖွဲ့သည် နေပြည်တော်ရှိ Junction စျေးဝယ်စင်တာ၊ ရေပန်းဥယျာဉ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (တပ်ကုန်း)၊ ဗုဒ္ဓဂယာ(ပုံတူ)၊ မဟာသကျရံသီ၊ ဥပ္ပါတသန္တိစေတီ၊ ငလိုက်ဆည်ဆင်စခန်း၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ စစ်သမိုင်းပြတိုက်၊ ဆာဖာရီဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ လွှတ်တော်၊ အမျိုးသားပြတိုက်၊ ကျောက်မျက်ပြတိုက်များသို့ ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်အထိ လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက တင်သွင်းလွှာ အမှတ် ၁/ ၂၀၁၉ နှင့် တင်သွင်းလွှာ အမှတ် ၂/ ၂၀၁၉ တို့ကို ဆုံးဖြတ်ချက်များချမှတ်

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလုံး ပါဝင်သောခုံရုံးသည် ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး ပါ ၂၅ ဦးက တင်သွင်းသည့် တင်သွင်းလွှာအမှတ် ၁/ ၂၀၁၉ နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် ပါ ၂၅ ဦးက တင်သွင်းသည့် တင်သွင်းလွှာအမှတ် ၂/ ၂၀၁၉ တို့ကို ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီးခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇူလိုင် ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ သောမက်စ် ကာလ် နိုင်ဇင်ကာအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဂျာမနီနိုင်ငံ၏ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

မစ္စတာ သောမက်စ် ကာလ် နိုင်ဇင်ကာအား ၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလတွင် ဂျာမနီနိုင်ငံ၊ Würzburg မြို့၌ မွေးဖွားခဲ့သည်။ ၁၉၇၅ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ ဥပဒေနှင့် Ibero-Romanistic ဘာသာစကားကို သင်ကြားခဲ့ပြီး ၁၉၈၂ ခုနှစ်နှင့် ၁၉၈၆ ခုနှစ်တို့တွင် ဥပဒေအတတ်ပညာဆိုင်ရာ စာမေးပွဲပထမအဆင့်နှင့် ဒုတိယအဆင့်တို့ကို ဖြေဆိုအောင်မြင်ခဲ့သည်။

၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ တရားရုံးလက်ထောက်အကူအဖြစ်လည်းကောင်း၊ ၁၉၈၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဂျာမနီဘဏ်တစ်ခု၏ နိုင်ငံခြားရေးဌာန၌ လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၈ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနတွင် လည်းကောင်း၊ အာဂျင်တီးနားနိုင်ငံ၊ ဗျူနိုအေးရိစ်မြို့ရှိ ဂျာမနီသံရုံးနှင့် ပိုလန်နိုင်ငံ၊ ဝါဆောမြို့ရှိ ဂျာမနီသံရုံးတို့တွင်လည်းကောင်း တာဝန်အသီးသီး ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ စပိန်နိုင်ငံ၊ မက်ဒရစ်မြို့ရှိ ဂျာမနီသံရုံး၌ သံရုံးဒုတိယအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၅ ခုနှစ်မှ ယနေ့အထိ ကျူးဘားနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးလေးဦး ထွန်းကားသည်။

**သတင်းစဉ်**

## ဖျာပုံမြို့နယ် ချောင်းတွင်း (မြောက်ဘက်ကမ်း) ကျေးရွာ၌ ကွန်ကရစ်လမ်းသစ်ဖွင့်

**ဖျာပုံ ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ချောင်းတွင်း(မြောက်ဘက်ကမ်း)ကျေးရွာ၌ ကွန်ကရစ်လမ်းဖွင့်လှစ်ခြင်း အခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇေယျာမင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးကြူက ကွန်ကရစ်လမ်းခင်းကျင်းမှုအခြေအနေများနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနှင့်ပတ်သက်သော အကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်မင်းထွန်းက ကွန်ကရစ်လမ်းခင်းကျင်းထားမှုအခြေအနေများကိုလည်းကောင်း ပြောကြားပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးအေးမင်းက ကျေးဇူးတင်စကားပြောကြားကာ တာဝန်ရှိသူများက ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါလမ်းသည် ပေပေါင်း ၉၀၀ ကျော် ရှည်လျားပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရန်ပုံငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၅၀ ဖြင့် ခင်းကျင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

☆ ရှေ့ဖုံးမှ

စားသုံးရန်မသင့်လျော်ကြောင်း၊ ယုံကြည်စိတ်ချရမှုမရှိကြောင်း၊ လူအများစုက သိရှိနေသော်လည်း ရွေးချယ်စရာမရှိ၍ ရရာကို ဝယ်ယူစားသုံးနေကြရသည့်အတွက် ရောဂါမျိုးစုံဖြစ်ပွားခြင်း၊ အစာအဆိပ်သင့်ခြင်းစသည့် မလိုလားအပ်သော ဆိုးကျိုးများကို ခံစားနေကြရပါကြောင်း၊ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများတွင်လည်း ဓာတုဓာတ်ကြွင်းများ ပိုမိုများပြားလာသကဲ့သို့ သဘာဝပတ်ဝန်းကျင် အရင်းအမြစ်ကိုလည်း ပိုမိုထိခိုက်နေပါကြောင်း။

ယခုလိုအခြေအနေဆိုးများကို ကျော်လွှားနိုင်ရန် ဓာတုပိုးသတ်ဆေးသုံးစွဲမှု ကန့်သတ်ရေး၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကာကွယ်ရေးများကို လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ပြီး အလေးအနက်ထား ဆောင်ရွက်စေရန် ဖြစ်ပါကြောင်း။

စီးပွားရေးလုပ်ငန်းရှင်အချို့သည် မိမိတို့၏ အကျိုးစီးပွားတိုးတက်ရေးကိုသာ ရှေးရှုပြီး ဘယ်သူသေသေ ငတေမာပြီးရောဟူသည့် စိတ်ဓာတ်များဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများကို ဥပေက္ခာပြုပြီး ထုတ်လုပ်လာနေမှုများကြောင့် စားသုံးသူပြည်သူများ ဒုက္ခရောက်နေကြပါကြောင်း၊ ထိုအချက်သည် တိုင်းပြည်ကို အလွန်နစ်နာစေသည့် အချက်လည်းဖြစ်ပါကြောင်း၊ ဓာတုဆေးသုံး အစားအသောက်များကြောင့် လူထုကျန်းမာရေး ဖောက်ပြားလာမှုသည် အစိုးရကို ဝန်ပိုပိစေပါကြောင်း၊ တိုင်းပြည်၏ လူ့စွမ်းအားအရင်းအမြစ်များကိုလည်း ဆုံးရှုံးလာစေပါကြောင်း၊

မြန်မာလယ်ယာကဏ္ဍ မြင့်မားလာရေးအတွက် ဓာတုသုံးပိုးသတ်ဆေးများ၊ ဓာတ်မြေဩဇာများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းများကို နိုင်ငံတော်အစိုးရက စိစစ်ကြပ်မတ်ပေးရန်လိုအပ်ပြီး ဥပဒေနှင့်တားမြစ်ထားသည့် စိုက်ပျိုးရေးသုံးဓာတုဆေးများ တင်သွင်းခြင်းကို ထိထိရောက်ရောက် ဖမ်းဆီးအရေးယူခြင်း၊ ခွင့်ပြုထားသော ဓာတုပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများကို တောင်သူဦးကြီးများက နည်းမှန်လမ်းမှန်ဖြင့် သုံးစွဲတတ်အောင် ဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း စသည့်အချက်များ ပါဝင်သည်။

ထို့နောက် အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာဦးခင်မောင်သင်းက ထောက်ခံဆွေးနွေးပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့်၏ **"ဓားမဦးချ ပြေစာပေါက်လယ်မြေများကိုသိမ်းယူပြီး ငါးကန်များတူးဖော်ခြင်း၊ ဂရန်အင်းနယ်မြေများကို ရေနက်ကွင်း၊ ရေမြုပ်ငါးကန်အဖြစ် တူးဖော်ပြီး ငါးရိုင်းများသွင်း၍ လုပ်စားနေသူနှင့် လေလံအောင် အင်းသမားတို့ အငြင်းပွားနေမှုတွင် နစ်နာသူများက တိုင်ကြားလာခြင်းကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ကိုယ်စားလှယ်ကြီး မေးမြန်းသည့် မြေနေရာသည် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အထရောင်ကျေးရွာအုပ်စုအတွင်းရှိ လယ်မြေနှင့် မြေလွတ်၊ မြေရိုင်းဧရိယာ ၁၀၁၀ ဧကဖြစ်ပါကြောင်း။

၁၉၉၉-၂၀၀၀ ပြည့်နှစ်မှစ၍ ဒေါ်ကြည်ကြည်ဝင်းက ငါးမွေးမြူရေးကန်အဖြစ် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီထံမှ ၁၉၅၃ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေ ၃၉ ခွင့်ပြုမိန့်ရရှိခဲ့ကြောင်း၊ ကျန်ရှိသည့် လယ်မြေ ၃၃၂ ဒသမ ၅၇ ဧကကို ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိရန် ဒေါ်ကြည်ကြည်ဝင်းက ထပ်မံလျှောက်ထားခဲ့ရာ ၂၆၄ ဒသမ ၀၇ ဧကကို ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ဒေါ်ကြည်ကြည်ဝင်း အမည်ဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးခဲ့ပြီး ဖြစ်ကြောင်းနှင့် ကျန်ရှိသည့် ၆၈ ဒသမ ၅၀ ဧကတွင် တောင်သူများက စိုက်ပျိုးအသုံးပြုလျက်ရှိပြီး မြေယာအငြင်းပွားမှုများရှိကြောင်း စိစစ်သိရှိရပါကြောင်း။

ပုံစံ(၇)ရရှိပြီး လယ်ယာမြေဧရိယာ ၂၆၄ ဒသမ ၀၇ ဧကကို ဒေါ်ကြည်ကြည်ဝင်းက ငါးမွေးကန်မြေအဖြစ် လယ်ယာမြေအခြားနည်းအသုံးပြုခွင့်ရရှိရေးအတွက် လျှောက်ထားခဲ့ရာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင် အမှုတွဲအား စိစစ်လျက်ရှိပြီး ခွင့်ပြုမိန့်ရရှိခြင်းမရှိသေးပါကြောင်းနှင့် အဆိုပါမြေပေါ်တွင် ငါးကန်များကျူးလွန်အသုံးပြုထားခြင်းဖြစ်ကြောင်း၊ ငါးကန်အဖြစ်အသုံးပြုလုပ်ကိုင်နေသည့် ဧရိယာတွင် အင်းအစိတ်အပိုင်းအချို့ပါဝင်ခဲ့ကြောင်း၊ ဒေါ်ကြည်ကြည်ဝင်းက သတ်မှတ်အင်းဝင်ငွေခွန်ဖြင့် ငါးမွေးကန်ဆက်စပ်အင်းအဖြစ် လုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားခဲ့ရာ ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ဖြင့် ငါးလုပ်ငန်းဦးစီးဌာနမှ လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း စိစစ်တွေ့ရှိရပါကြောင်း။

ဖော်ပြပါမြေများအား တောင်သူ ၂၂ ဦးမှ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်သို့ အသီးသီးတင်ပြတိုင်ကြားခဲ့ရာ တောင်သူ(၁၉)ဦး၏ တင်ပြစာနှင့်ပတ်သက်၍ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်မှ စိစစ်ဆောင်ရွက်လျက်ရှိပြီး တောင်သူ(၃)ဦးကို တင်ပြစာနှင့် ပတ်သက်၍ တိုင်းဒေသကြီး လယ်မြေများနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ ဆုံးဖြတ်ချက်အရ သိမ်းဆည်းမြေမဟုတ်ဘဲ မြေယာအငြင်းပွားမှုကိစ္စဖြစ်ပါသဖြင့် အမှုတွဲပိတ်သိမ်းထားရှိပါကြောင်း။

အင်းဧရိယာများ လျော့နည်းသွားရခြင်းနှင့်စပ်လျဉ်း၍ ကျန်ရှိသည့် အင်းဧရိယာအား ကွင်းဆင်းစစ်ဆေးတိုင်းတာပြီး ရန်ကုန်တိုင်းဒေသကြီးမှ တိုင်းရေချိုငါးလုပ်ငန်းဥပဒေနှင့်အညီ စီမံဆောင်ရွက်ရန် ဖြစ်သည့်အတွက် အင်းနယ်နိမိတ်မြေပုံ ပြန်လည်ဖော်ထုတ်သတ်မှတ်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအုန်းလွင်၏ **"လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်(ပုံစံ-၇) ပြုလုပ်ရာတွင် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း အမည်ပြောင်းလဲရန် ခက်ခဲနေခြင်းကိစ္စအား မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က အမွေဆက်ခံခြင်းများအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ညွှန်ကြားချက်ဖြင့် ညွှန်ကြားထားသည့်အတိုင်း လက်ရှိတွင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) များအား ပြောင်းလဲပြင်ဆင်ထုတ်ပေးလျက်ရှိပါကြောင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းတို့ကို လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေမပြဋ္ဌာန်းနိုင်သေးမီကာလအတွင်း အဆင်ပြေစွာ ဆောင်ရွက်ရန်အတွက် တည်ဆဲ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ ၂၀၁၉ ခုနှစ် ဇွန် ၁ ရက်မှစ၍ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်းတို့ကို ဆောင်ရွက်နိုင်ရန် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များသို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ညွှန်ကြားထားပြီးဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် စပ်လျဉ်းသည့် မေးခွန်းများ ရှင်းလင်းဖြေကြား

ထို့အတူ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၏ **"ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန် ကြေညာထားသော School Bus အမျိုးအစား သတ်မှတ်ချက် (၁၂)ချက်အနက်မှ လက်ရှိ School Bus အများစု ဆက်လက်ပြေးဆွဲနိုင်ရေးအတွက် အချက် (၁)ချက်အား နှစ်ကာလ အကန့်အသတ်ဖြင့် ဖြေလျှော့ပေးရန် အစီအစဉ်ရှိ၊မရှိ"** မေးခွန်း၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ **"သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အမှန်တကယ် လိုအပ်နေသော မန်းချောင်းတံတားအထက်ပိုင်း သောင်တူးပေးရန်နှင့် စကုမြို့သို့ ဦးတည်တိုက်စားနေသောနေရာတွင် ရေကာတာပြုလုပ်ပေးရန် အစီအစဉ် ရှိ၊မရှိ"** မေးခွန်း၊ ရမ်းဗြဲ မဲဆန္ဒနယ်မှ ဦးကျော်ရွှေ၏ **"ရမ်းဗြဲမြို့နယ်မှ စစ်တွေမြို့နှင့် တောင်ကုတ်မြို့သို့ ရေကြောင်းခရီးဖြင့် စရိတ်သက်သာစွာ သွားလာနိုင်ရေးအတွက် ရမ်းဗြဲမြို့၊ ဒေါရထဆိပ်ကမ်းနှင့် ကျောက်နီမော်၊ ဟုံးဝဆိပ်ကမ်းတို့တွင် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးပိုင် သင်္ဘောများ ဆိုက်ကပ်ပို့ဆောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းများနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရှင်းလင်းပြောကြားသည်။

အလားတူ ဖြူးမဲဆန္ဒနယ်မှ ဦးသန်းညွှန့်၏ **"ဖြူးမြို့နယ်ရှိ နွေစပါးစိုက် တောင်သူလယ်သမားများ၏ လိုလားချက်များကို ဖြည့်ဆည်းပေးရန်နှင့် ဆည်ရေသောက်စီမံကိန်းကို လာမည့်နှစ်တွင် ဘတ်ဂျက် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့် ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **"ကနီမြို့နယ်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်နိုင်မည့် နေရာလမ်းကြောင်းများ သတ်မှတ်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ"** မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းပြောကြားသည်။

ယင်းနောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဝင် တင်သွင်းသည့် **"မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးဝေလှိုင်ထွန်းက ကော်မတီ၏ ပြင်ဆင်ချက် ၉၃ ချက်ကို တင်သွင်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ၎င်းဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အထက်ပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားသည့် အပိုဒ်၊ အပိုဒ်ခွဲ အမှတ်စဉ်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် ယင်းဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

**သတင်း-မော်စီ၊ မွေးကြူဇင်၊ ဓာတ်ပုံ-ထန်းဖုန်**



ဝက်လက်မဲဆန္ဒနယ်မှ
ဦးမြင့်သိန်း



တိုက်ကြီးမဲဆန္ဒနယ်မှ
ဦးကျော်မြင့်



ဒုတိယဝန်ကြီး
ဦးလှကျော်



ညောင်တုန်းမဲဆန္ဒနယ်မှ
ဦးအုန်းလွင်



လှိုင်မဲဆန္ဒနယ်မှ
ဦးအောင်ကျော်ကျော်ဦး



ဒုတိယဝန်ကြီး
ဦးကျော်မျိုး

## ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၂၅ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၄ ကော်လံ ၂ ပုံစာစာသားတွင် **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး ဦးသန်းဝင်း** အစား **မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာသန်းဝင်း** ဟု လည်းကောင်း၊ ကော်လံ ၃ ဒုတိယစာပိုဒ် စာကြောင်းရေ ၂ တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး **ဦးသန်းဝင်း** အစား **ဦးစန်းဝင်း** ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

**သတင်းစဉ်**

## ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇူလိုင် ၂၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးနိုင်ထူးအောင်၊ နွားထိုးကြီးမဲဆန္ဒနယ်၏ မိတ်ဆွေများဖြစ်သည့် ယုံကြည်ရာအသိပညာပြန့်ပွားရေးအသင်းမှ ဒေါက်တာအောင်သိန်းမြင့် ဦးဆောင်သည့် သင်တန်းသား သင်တန်းသူ ၂၆ ဦး၊ ဦးငြိမ်းသစ်၊ မဟာအောင်မြေမဲဆန္ဒနယ်၏ မိတ်ဆွေများ ၄၂ ဦး၊ ပုသိမ်တက္ကသိုလ် ဥပဒေပညာဌာနမှ ဒေါက်တာသိင်္ဂီအေး (ပါမောက္ခ/ဌာနမှူး) ဦးဆောင်သည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ၈၇ ဦး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ဆုလှိုင် ဦးဆောင်သည့် ကြီးကြပ်သူဝန်ထမ်းများနှင့် ကယားပြည်နယ်၊ ချင်းပြည်နယ်တို့မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း/အဖွဲ့မှ အဖွဲ့ဝင် ၁၂၃ ဦး စုစုပေါင်း ၂၇၈ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပသည့် နေ့ရက်မှ ယနေ့အထိ ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာသည့် ဧည့်သည်စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၅၂၅၅၅ ဦးနှင့် ပြည်ပဧည့်သည် ၂၂၁၇ ဦးရှိပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်း မြူးနစ်ရုံးမှ တောင်နှင့် အရှေ့တောင်အာရှဒေသ ဌာနအကြီးအကဲ Mr. Stefan Burkhardt အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၅**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်း မြူးနစ်ရုံးမှ တောင်နှင့်အရှေ့တောင်အာရှဒေသဌာနအကြီးအကဲ Mr. Stefan Burkhardt အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်းအနေဖြင့် မြန်မာလွှတ်တော်များသို့ အကူအညီပေးလျက်ရှိသည့် ကိစ္စရပ်များအားပိုမိုဆောင်ရွက်ပေးရေး၊ လွှတ်တော်အကျိုးပြု လုပ်ငန်းများမှတစ်ဆင့် ပြည်သူများအကြား လွှတ်တော်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်စေရေးဆိုင်ရာများ၊ ပြည်သူ့ဆက်ဆံရေးကဏ္ဍများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်းများအား နည်းပညာအကူအညီများပေးနိုင်ရေးနှင့် လွှတ်တော်ရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်အေးအေးမူ၊ ဦးတင်အောင်ချိုနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



## ❂ အမျိုးသားလွှတ်တော်မှ

ဦးကျော်လင်းက ထန်ဟောရ် ချောင်းကူးတံတား တည်ဆောက်ပြီးပါက ထန်တလန်- နှာရိန် - ရေဇွာ - မတူပီလမ်းမကြီးနှင့် အလွယ်တကူ ချိတ်ဆက်သွားလာနိုင်မည်ဖြစ်ပြီး ကျေးရွာ ၂ ရွာ၊ အိမ်ခြေ ၃၃၅ အိမ်၊ လူဦးရေ ၁၇၀၀ ကျော်တို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

ချင်းပြည်နယ် ထန်တလန်မြို့နယ်ရှိ ဖန်ထင်ကျေးရွာနှင့် လုံကျွေးပီးကျေးရွာတို့ကို ဆက်သွယ်သည့်လမ်းပေါ်ရှိ ထန်ဟောရ်ချောင်းကူးတံတားသည် လမ်းအဆင့် သတ်မှတ်ချက်အရ Class (A) ဦးစားပေးအဆင့်(၂)တွင် ပါဝင်ပါကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နောက်ပိုင်းကာလများတွင် ချင်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ကွန်ကရစ်တံတားအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**အစီအစဉ်ရေးဆွဲထား**

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးရဲထွဋ်၏ **စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်ရှိ ယမားချောင်းအား တံတားတစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ယမားချောင်းတံတား တည်ဆောက်ပြီးပါက ကျေးရွာ ၃ ရွာ၊ အိမ်ခြေ ၆၁၀၊ လူဦးရေ ၃၅၀၀ ခန့်တို့ ယမားချောင်းအား ရာသီမရွေး ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ငါးခုန် - ပေါင်းဝ - ဆားခါး - ခွန်သာလမ်းသည် လမ်းအဆင့် သတ်မှတ်ချက် Class (A) ဦးစားပေးအဆင့်(၁)တွင် ပါရှိပါကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး သံကူကွန်ကရစ် ရေနိမ့်တံတား တည်ဆောက်ရန် အစီအစဉ်ရေးဆွဲထားပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၏ **မွန်ပြည်နယ် ရေးမြို့မှ ခါဇာမြို့သို့ ဆက်သွယ်ထားသည့် ကတ္တရာလမ်းအား တစ်ဖက်လျှင် တစ်ပေခွဲစီ (သို့မဟုတ်) သုံးပေစီ တိုးချဲ့ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ရေး - ကလော့ - ခါဇာလမ်းပိုင်းကို ၁၂ ပေအကျယ်ကတ္တရာလမ်းမှ တစ်ဖက်လျှင် (၃)ပေစီချဲ့၍ ၁၈ပေအကျယ် ကတ္တရာလမ်းအဖြစ် တိုးချဲ့ပေးရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေပါရှိခြင်း မရှိပါကြောင်း၊ ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေ လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှု အပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး
ဦးကျော်လင်း



ချင်းပြည်နယ် မဲဆန္ဒနယ်
အမှတ်(၃)မှ ဦးဘွဲ့ခိန်း



မွန်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၈)မှ ဦးမျိုးဝင်း



ဒုတိယဝန်ကြီး
ဦးတင်မြင့်



ချင်းပြည်နယ် မဲဆန္ဒနယ်
အမှတ်(၁၀)မှ ဦးလားလ်မင်းထန်



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၆)မှ ဦးဝင်းမောင်

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ **ချင်းပြည်နယ် မတူပီမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အမည်မပေါက်သေးသော ကျေးရွာများအား အမည်ပေါက်ကျေးရွာများအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က မတူပီမြို့နယ်အတွင်းရှိ ကျေးရွာ ၂၆ ရွာကို တရားဝင်အမည်ပေါက်ကျေးရွာများအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် အမှုတွဲများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ပြုစုဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ အဆင့်ဆင့်မှ စိစစ်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ခွင့်ပြုမိန့်ရရှိပါက ကျေးရွာအမည်ပေါက်ရရှိရေးအမှုတွဲကို အဆင့်ဆင့် ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဝင်းမောင်၏ **မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် စလင်းမြို့ပေါ် (၆)ရပ်ကွက်တို့တွင် လူဦးရေတိုးတက်များပြားလာသည့်အတွက် မြို့ကွက်သစ် ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်မြင့်က စလင်းမြို့တွင်း လယ်၊ ယာ၊ ဥယျာဉ်မြေအတွင်း လူနေအိမ်ရာမြေအဖြစ် တိုးချဲ့အသုံးပြုထားသည့် မြို့တွင်း လယ်ယာမြေ ဧရိယာ ၁၀၂ ဒသမ ၈၄၉ ဧကသည် တောင်သူများ၏ လုပ်ကွက်ဧရိယာများဖြစ်၍ လယ်ယာမြေလုပ်ကိုင်ခွင့် ပုံစံ(၇)ရရှိထားသော မြေများဖြစ်ပါကြောင်း။

မြို့ပေါ်ရပ်ကွက်အတွင်း နောင်တိုးပွားလာမည့် လူဦးရေအတွက် မြို့ကွက်သစ် တိုးချဲ့ဆောင်ရွက်မည်ဆိုပါက တောင်သူများ၏ ပုံစံ(၇)ရရှိထားသော လယ်ယာမြေများဖြစ်သည့်အတွက် မြို့ကွက်ဖော်ထုတ်ရန် အခက်အခဲများရှိပါကြောင်း၊ မြေမိကုန်းကျေးရွာနှင့် စာစီကျောင်းကျေးရွာတို့အား ရပ်ကွက်အဆင့် တိုးမြှင့်ပေးခဲ့သကဲ့သို့ မြို့နှင့်ဆက်စပ်တည်ရှိသော ကျေးရွာများအား ထပ်မံတိုးချဲ့ပြင်ဆင်ဖွဲ့စည်းနိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊ ကျေးရွာများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်သမ္မတထံ သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြသွားမည်ဖြစ်ပါကြောင်း၊ အမြန်ဆောင်ရွက်ပေးသွားရန်အတွက်လည်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ညွှန်ကြားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**လွှတ်တော်သို့တင်သွင်း**

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က **စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေကြမ်း**ကို လွှတ်တော်သို့တင်သွင်းသည်။

တင်သွင်းစဉ် ဒုတိယဝန်ကြီးက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဆောင်ရွက်ရသည့် မြေယာစီမံခန့်ခွဲရေးလုပ်ငန်းများ၊ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများ အပါအဝင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက ပေးအပ်သည့် လုပ်ငန်းတာဝန်များအား ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်နှင့် ဥပဒေတစ်ခုချင်းအလိုက် ပြင်ဆင်မည့်အစား အချိန်ကြန့်ကြာမှုနည်းပါးစေရန်အတွက် ပြင်ဆင်ရန်လိုအပ်သည့် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ခြုံငုံ၍ စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေတစ်ရပ်ကို အတည်ပြုပေးနိုင်ပါရန်နှင့် လွှတ်တော်၏ အဆုံးအဖြတ်ကို ခံယူမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာထားသည်။

ယနေ့ အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဇူလိုင် ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**လူကျော်(သတင်းစဉ်)**

# ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေ တွေ့ဆုံမေးမြန်း

မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးရန်လိုအပ်ခြင်း၊ ဒေသတွင်းနိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြောင့် လုပ်အားခကွာဟခြင်း၊ သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာ တိုးတက်လာပြီး လူမှုဆက်သွယ်ရေးကွန်ရက် ပိုမိုကျယ်ပြန့်လာခြင်းများကြောင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မှုများ ပိုမိုများပြားလာသည်။

ထိုသို့များပြားလာသည့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

မေးမြန်း-မော်စီ
ဓာတ်ပုံ-ထိန်နန်နော်

ယမန်နေ့မှအဆက်

**မေး။ ။ထိုင်းနိုင်ငံမှာ ရောက်ရှိလုပ်ကိုင်နေပြီး စာရွက်စာတမ်း အထောက်အထား ကုန်ဆုံးတော့မယ့် မြန်မာအလုပ်သမားတွေအတွက် ဘယ်လိုဆောင်ရွက်ပေးနေသလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ထိုင်းနိုင်ငံအတွင်းမှာ လုပ်ကိုင်လျက်ရှိတဲ့ အထောက်အထားမဲ့ မြန်မာအလုပ်သမားတွေနဲ့ အထောက်အထား သက်တမ်းကုန်ဆုံးတော့မယ့် အလုပ်သမားတွေအတွက် နှစ်နိုင်ငံ ညှိနှိုင်းသဘောတူညီချက်အရ အရင်က အထောက်အထားထုတ်ပေးခြင်း လုပ်ငန်းစဉ်တွေ ဆောင်ရွက်ခဲ့ပေမယ့် အခုအချိန်မှာ ထိုင်းနိုင်ငံအစိုးရ အနေနဲ့ ထိုင်းနိုင်ငံကို ဝင်ရောက်လုပ်ကိုင်လိုတဲ့ အလုပ်သမားတွေ၊ အထောက်အထားစာရွက်စာတမ်း သက်တမ်းကုန်ဆုံးတော့မယ့် အလုပ်သမားတွေကို MoU စနစ်နဲ့ ပြန်လည်ဝင်ရောက်လုပ်ကိုင်ခြင်းကိုသာ လက်ခံမှာ ဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ် မတ်လ၃၁ ရက်နေ့နဲ့ ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှာ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်နဲ့ နေထိုင်ခွင့်သက်တမ်းကုန်ဆုံးမယ့် အလုပ်သမားတွေအတွက် နိုင်ငံသားအထောက်အထားနဲ့ မြန်မာနိုင်ငံကူးလက်မှတ်ပြုလုပ်ဖို့ လိုအပ်သူတွေ အချိန်လုံလောက်စေဖို့ နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးပွဲမှာ ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ သက်တမ်းထပ်မံတိုးမြှင့်ပေးဖို့ တောင်းဆိုခဲ့ပေမယ့် ထိုင်းနိုင်ငံက အလုပ်လုပ်ကိုင်ခွင့်လက်မှတ်နဲ့ နေထိုင်ခွင့်သက်တမ်းကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိသာ ခွင့်ပြုခဲ့ပါတယ်။

ဒါကြောင့် ထိုင်းနိုင်ငံရောက် ၂၀၂၀ ပြည့်နှစ် မတ်လ ၃၁ ရက်နေ့မှာ အလုပ်လုပ်ကိုင်ခွင့် လက်မှတ်နဲ့ နေထိုင်ခွင့် သက်တမ်းကုန်ဆုံးမယ့် အလုပ်သမားတွေနဲ့ ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှာ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်နဲ့ နေထိုင်ခွင့် သက်တမ်းကုန်ဆုံးမယ့် ရေလုပ်သားတွေအနေနဲ့ MoU စနစ်နဲ့သာ ထိုင်းနိုင်ငံကို အချိန်မီ ပြန်လည်ဝင်ရောက်လုပ်ကိုင်ရမှာဖြစ်ပါတယ်။

**မေး။ ။ထိုင်းနိုင်ငံကို MoU စနစ်နဲ့ မြန်မာအလုပ်သမားတွေ တရားဝင်စေလွှတ်မှု အခြေအနေကို သိရှိလိုပါတယ်။**

ဖြေ။ ။ထိုင်းနိုင်ငံကို အလုပ်သမားတွေ တရားဝင်စေလွှတ်ဖို့ ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံအစိုးရတို့အကြား အလုပ်သမားတွေ ခန့်ထားခြင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ချင်းမိုင်မြို့မှာ ၂၀၀၃ ခုနှစ် ဇွန်လ ၂၁ ရက်နေ့က နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတွေက လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၆ ခုနှစ် ဇွန်လ ၂၄ ရက်နေ့က ဗန်ကောက်မြို့မှာ နှစ်နိုင်ငံအလုပ်သမားဝန်ကြီးတွေက အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာနဲ့ အလုပ်သမားများ အလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူစာချုပ်တွေကို လက်မှတ်ရေးထိုးခဲ့ပါတယ်။

ထိုင်းနိုင်ငံကို MoU စနစ်နဲ့ အလုပ်သမားတွေ တရားဝင်စေလွှတ်ခြင်းလုပ်ငန်းစဉ်ကို ပြည်ပအလုပ်အကိုင်အကျိုးဆောင် (ထိုင်း) လိုင်စင်ရအေဂျင်စီ ၁၀၆ ခုနဲ့

မြန်မာရွှေ့ပြောင်းအလုပ်သမား စေလွှတ်လျက်ရှိတဲ့ နိုင်ငံတွေနဲ့ ညှိနှိုင်းဆွေးနွေးခြင်း၊ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်း၊ တရားဝင် လုပ်ကိုင်နိုင်ရေးနဲ့ အခွင့်အရေးနဲ့ ကာကွယ်စောင့်ရှောက်မှုတွေ ရရှိနိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အာဆီယံနိုင်ငံတွေ၊ မဟာမဲခေါင်ဒေသတွင်း အိမ်နီးချင်းနိုင်ငံတွေနဲ့ ညှိနှိုင်းဆွေးနွေးလျက်ရှိ

ဆောင်ရွက်လျက်ရှိပြီး ၂၀၁၀ ပြည့်နှစ် ဇွန်လမှ ၂၀၁၉ ခုနှစ် မေလအထိ ထိုင်းနိုင်ငံကို စေလွှတ်ပြီးတဲ့ အလုပ်သမား ဦးရေဟာ ၇၀၇၄၇၂ ဦးဖြစ်ပါတယ်။

MoU လုပ်ငန်းစဉ်အနေနဲ့ ထိုင်းနိုင်ငံ အလုပ်အကိုင်ဌာနက ထောက်ခံထားတဲ့ အလုပ်ရှင်ရဲ့ အလုပ်ခေါ်စာကို ထိုင်းနိုင်ငံဆိုင်ရာ အလုပ်သမားသံအရာရှိကနေတစ်ဆင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနကို ပေးပို့ပါတယ်။ ဦးစီးဌာနအနေနဲ့ အလုပ်ခေါ်စာတွေကို ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုတင်ပြပြီး ကော်မတီက ခွင့်ပြုချက်ရရှိတာနဲ့ အလုပ်ရှင်၊ အလုပ်သမားအလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် (EC) ချုပ်ဆိုခွင့်ပြုပါတယ်။ EC ချုပ်ဆိုပြီးတဲ့ အလုပ်သမားတွေအတွက် Visa နဲ့ Work Permit လျှောက်ထားနိုင်ဖို့ အလုပ်သမားစာရင်းကို ထိုင်းနိုင်ငံ အလုပ်အကိုင်ဌာနကို ဆက်လက်ပေးပို့ပြီး ပြည်ဝင်ခွင့်ရရှိတဲ့ အလုပ်သမားတွေကို မြဝတီမြို့က ရွှေ့ပြောင်းအလုပ်သမားရုံးကနေတစ်ဆင့် စေလွှတ်ပေးလျက်ရှိပါတယ်။

**မေး။ ။မြန်မာရေလုပ်သားတွေကို ထိုင်းနိုင်ငံကို MoU စနစ်နဲ့ တရားဝင်စေလွှတ်မယ့် အစီအစဉ်ကိုလည်း သိရှိလိုပါတယ်။**

ဖြေ။ ။ထိုင်းနိုင်ငံက ငါးဖမ်းစက်လှေတွေကို သွားရောက်လုပ်ကိုင်လိုတဲ့ မြန်မာရေလုပ်သားတွေကို MoU စနစ်နဲ့ ခွင့်ပြုပေးလျက်ရှိရာမှာ ငါးဖမ်းလုပ်ငန်းရဲ့ သဘောသဘာဝကို သိရှိနားလည်ပြီး လုပ်ငန်းအတွေ့အကြုံရှိတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်တွေက မြန်မာရေလုပ်သားတွေအနေနဲ့ တရားဝင်သွားရောက် လုပ်ကိုင်နိုင်ပြီဖြစ်ပါတယ်။

ထိုင်းနိုင်ငံရောက် မြန်မာရေလုပ်သားတွေကို တရားဝင်ဖြစ်စေဖို့ MoU U Turn စနစ်နဲ့ ပြန်လည်စေလွှတ်ရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်ပေးလျက်ရှိရာမှာ ၉၅ ဦး စေလွှတ်ပေးပြီး ဖြစ်ပါတယ်။

**မေး။ ။ပြည်ပနိုင်ငံတွေကို သွားရောက်လုပ်ကိုင်လိုတဲ့ အလုပ်သမားတွေအနေနဲ့ ဆောင်ရွက်သင့်တာ၊ ရှောင်ရှားသင့်တာလေးတွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ပြည်ပနိုင်ငံတွေကို သွားရောက်လုပ်ကိုင်လိုသူတွေအနေနဲ့ တရားဝင်အလုပ်သမား စုဆောင်းခွင့်မရှိဘဲ ဆောင်ရွက်နေတဲ့ (ပွဲစား)တွေနဲ့ ချိတ်ဆက်ဆောင်ရွက်ခြင်းမပြုဘဲ တရားဝင်ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီတွေနဲ့ တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ဖို့လိုပါတယ်။ ပွဲစားတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ခြင်းကြောင့် ငွေကြေးခေါင်းပုံဖြတ်ခံရခြင်း၊ လိမ်ညာခံရခြင်း၊ လူကုန်ကူးခံရခြင်းတွေ ကြုံတွေ့နိုင်ပါတယ်။

တချို့ပွဲစားတွေက ထိုင်းနိုင်ငံမှာ အလုပ်ရရှိမယ်လို့ စည်းရုံးပြောဆိုပြီး ထိုင်းနိုင်ငံကို တရားမဝင် နယ်စပ်ဖြတ်ကျော်ခေါ်ဆောင်ပြီး ရောင်းစားခြင်း၊ လူမှောင်ခိုမှု



ကျူးလွန်ခြင်း ဆောင်ရွက်နေပြီးတော့ တချို့ပွဲစားတွေက စက်ရုံ၊ အလုပ်ရုံတွေကို တရားမဝင် အလုပ်သွင်းပေးနေတာကြောင့် တိုင်ကြားမှုတွေကို စိစစ်ဖော်ထုတ်ပြီး သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

တရားမဝင် နယ်စပ်ဖြတ်ကျော်ပြီး ဝင်ရောက်လုပ်ကိုင်ရင် သက်ဆိုင်ရာနိုင်ငံရဲ့ တည်ဆဲဥပဒေတွေနဲ့အညီ ဖမ်းဆီးအရေးယူခံရမှာဖြစ်လို့ သတိရှိဖို့လိုပါတယ်။

ပြည်ပနိုင်ငံတွေကို တရားဝင်သွားရောက် အလုပ်လုပ်ကိုင်ရင် တည်ဆဲဥပဒေနဲ့အညီ အလုပ်သမားတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးနဲ့ ကာကွယ်စောင့်ရှောက်မှုတွေ ရရှိမှာဖြစ်သလို အလုပ်သမားရေးရာကိစ္စရပ်တွေနဲ့ အခက်အခဲတွေ ကြုံတွေ့ရင် သက်ဆိုင်ရာ သံအရာရှိတွေနဲ့ မြန်မာနိုင်ငံဆိုင်ရာ သံရုံးတွေက ထိရောက်စွာကူညီဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။

လက်ရှိ အများဆုံးဖြစ်ပေါ်နေတဲ့ အလုပ်သမားရေးရာ ပြဿနာတွေကတော့ အလုပ်သမားတွေအနေနဲ့ အေဂျင်စီနဲ့ တိုက်ရိုက်မချိတ်ဆက်ဘဲ ပွဲစားတွေနဲ့ ချိတ်ဆက်မှုကြောင့် ကုန်ကျစရိတ်များပြားပြီး ဝန်ဆောင်ခတွေ ကြိုတင်ပေးချေပြီး ထိုင်းနိုင်ငံကို ထွက်ခွာရမှုမရှိတာ၊ လုပ်ငန်းအမျိုးအစားလွဲမှားနေတာ၊ အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုရာမှာ ရှင်းလင်းပြောကြားချက်တွေကို အလုပ်သမားတွေက အသေအချာ လိုက်နာမှတ်သားမှုမရှိလို့ အခက်အခဲ ကြုံတွေ့တာ၊ ပွဲစားတွေကို ယုံကြည်ပြီး သူတို့စေခိုင်းတဲ့အတိုင်း လုပ်ဆောင်ခြင်း၊ ကိုယ်လုပ်ကိုင်နိုင်တဲ့ လုပ်ငန်းအမျိုးအစားကို သေချာမလေ့လာဘဲ သွားရောက်လုပ်ကိုင်ခြင်းကြောင့် ထိုင်းနိုင်ငံ လုပ်ငန်းခွင်ရောက်ရှိပြီး မလုပ်ကိုင်နိုင်ဘဲ ပြန်လာရသူတွေရှိပြီးတော့ အချိန်နဲ့ ငွေကုန်ကြေးကျများပြီး နစ်နာဆုံးရှုံးမှုတွေ ရှိနေတာကို စိတ်မကောင်းဖွယ် တွေ့မြင်နေရပါတယ်။

ဒါကြောင့် အလုပ်သမားတွေအနေနဲ့ အေဂျင်စီတွေနဲ့ တိုက်ရိုက်ချိတ်ဆက် ဆောင်ရွက်ဖို့လိုပြီး ဆက်သွယ်နိုင်တဲ့ လိပ်စာနဲ့ ဖုန်းနံပါတ်တွေကို ဦးစီးဌာနက ဝန်ဆောင်မှုပေးတဲ့ နေရာတွေမှာ ရယူနိုင်ပါတယ်။ ဒါ့အပြင် အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ် ချုပ်ဆိုချိန်မှာ ကြီးကြပ်သူအရာရှိတွေ၊ အလုပ်ရှင် သို့မဟုတ် သူတို့ရဲ့ ကိုယ်စားလှယ်နဲ့ သက်ဆိုင်ရာ အေဂျင်စီတွေက ရှင်းလင်းပြောကြားချက်တွေနဲ့ မြဝတီမြို့နဲ့ ကော့သောင်းမြို့ရှိ ရွှေ့ပြောင်းအလုပ်သမားရုံးက တာဝန်ခံတွေက ပြည်ပ မထွက်ခွာမီ သိသင့်သိထိုက်တာတွေ ရှင်းလင်းပြောကြားမှုတွေကို အလေးထား နားထောင်ပြီး နားလည်သဘောပေါက်မှသာ စာချုပ်မှာ လက်မှတ်ရေးထိုးပြီး ဝန်ဆောင်ခပေးချေတာတွေ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ရွှေ့ပြောင်းအလုပ်သမားတွေအနေနဲ့ ဘာသာစကား၊ နေရာဒေသ၊ အစားအသောက်၊ လုပ်ငန်းခွင်အခက်အခဲတွေအပြင် လုပ်ငန်းခွင်အတွင်း အလုပ်ရှင်၊ မန်နေဂျာ၊ အလုပ်ကြပ်နဲ့ နားလည်မှုလွဲမှားပြီး အလုပ်သမားရေးရာ ပြဿနာတွေ ပေါ်ပေါက်လျက်ရှိပါတယ်။ ဒါ့အပြင် ပညာ အခြေခံနည်းပါးခြင်း၊ လုပ်ငန်းကျွမ်းကျင်မှု နည်းပါးခြင်းတွေကြောင့် အများစုက အထွေထွေလုပ်သားတွေအဖြစ် လုပ်ကိုင်ရလို့ လုပ်ခလစာနည်းပါးခြင်း၊ ကျန်းမာရေးအခြေအနေကြောင့် တာရှည်လုပ်ကိုင်နိုင်စွမ်းမရှိဘဲ ပြန်လာရမှုတွေ ကြုံတွေ့နေရပါတယ်။

**မေး။ ။ရွှေ့ပြောင်းအလုပ်သမားတွေနဲ့ စပ်လျဉ်းပြီးတော့ တခြားနိုင်ငံတွေ၊ ဒေသတွင်း နိုင်ငံတွေ၊ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှု အခြေအနေကိုလည်း သိရှိလိုပါတယ်။**

ဖြေ။ ။ရွှေ့ပြောင်းအလုပ်သမားတွေနဲ့ ပတ်သက်ပြီး နိုင်ငံတွေအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုစွမ်းဆောင်ခြင်းအားဖြင့် နိုင်ငံအသီးသီးအတွက် စီးပွားရေးသာမက လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတွေကိုပါ အထောက်အကူပြုစေနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာရွှေ့ပြောင်းအလုပ်သမား စေလွှတ်လျက်ရှိတဲ့ နိုင်ငံတွေနဲ့ ညှိနှိုင်းဆွေးနွေးခြင်း၊ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်း၊ တရားဝင်လုပ်ကိုင်နိုင်ရေးနဲ့ အခွင့်အရေးနဲ့ ကာကွယ်စောင့်ရှောက်မှုတွေ ရရှိနိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အာဆီယံနိုင်ငံတွေ၊ မဟာမဲခေါင်ဒေသတွင်း အိမ်နီးချင်းနိုင်ငံတွေနဲ့ ညှိနှိုင်းဆွေးနွေးလျက်ရှိပါတယ်။

ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့အစည်း (ILO)၊ UN Women တို့နဲ့ ပူးပေါင်းပြီး ရွှေ့ပြောင်းအလုပ်သမားရေးရာ ကိစ္စရပ်တွေကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ပမှာ ရောက်ရှိလုပ်ကိုင်နေတဲ့ မြန်မာအလုပ်သမားပြဿနာတွေ ကူညီဖြေရှင်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာနိုင်ငံက မြန်မာသံရုံး၊ မြန်မာအလုပ်သမား ကူညီစောင့်ရှောက်ရေး အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ။



# ပညာရေးအရည်အသွေးမြင့်မားရေး ဖော်ဆောင်ရာတွင် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်မှုအရေးကြီး




**နေပြည်တော် ဇူလိုင် ၂၅**

၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီတွင် နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အခြေခံပညာဦးစီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးပညာရေးမှူးရုံးများမှ ဒုတိယညွှန်ကြားရေးမှူး(ပညာ)၊ ဒုတိယညွှန်ကြားရေးမှူး (စီမံကိန်းများကြီးကြပ်အကဲဖြတ်)များ၊ ခရိုင်ပညာရေးမှူးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ သူငယ်တန်း (KG) သင်ရိုးသစ်ကိုစတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် (Grade-1) ပထမတန်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် (Grade-2) ဒုတိယတန်း၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် (Grade-3) တတိယတန်းနှင့် (Grade-6) ဆဋ္ဌမတန်း သင်ရိုးသစ်အတန်းများကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး လာမည့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင်လည်း (Grade-4) စတုတ္ထတန်း၊ (Grade-7) သတ္တမတန်းနှင့် (Grade-10) ဒသမတန်း သင်ရိုးသစ်အတန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးရုံးများ၊ ဆရာ၊ မိဘ၊ ကျောင်းသား ကျောင်းသူများသာမက ပြည်သူလူထုအားလုံးကို အဆင့်ဆင့်ပြောင်းလဲ အကောင်အထည်ဖော်ဆောင်ရွက်မည့် သင်ရိုးသစ်၊ စစ်ဆေးအကဲဖြတ်ခြင်း၊ Completion Certificate များနှင့်ပတ်သက်၍ နားလည်သဘောပေါက်စေရန် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး ဆွေးနွေးပြောကြားပေးရန် လိုအပ်ပါကြောင်း၊ သင်ရိုးသစ်များတွင် ၂၁ ရာစု ပညာရေးအရည်အသွေးရရှိအောင် ကျောင်းသားဗဟိုပြုချဉ်းကပ်နည်းများကို အသုံးပြုနိုင်ရန် စီစဉ်ထားသဖြင့် ကျောင်းသား ကျောင်းသူအားလုံး ကိုယ်တိုင်ပါဝင်ခွင့်ရခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်လာခြင်း၊ တီထွင်ဖန်တီးတတ်လာခြင်း၊ တစ်ဦးချင်းစီ၏ သင်ယူတတ်မြောက်မှုအရည်အသွေး မြင့်မားလာခြင်း အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအတွက်လည်း ဘာသာရပ်အလိုက် ဆရာလမ်းညွှန်များကို ပြည့်စုံစွာ ပြုစုရိုက်နှိပ်ဖြန့်ဝေထားသည့်အတွက် ဆရာလမ်းညွှန်ပါ နည်းလမ်းများ၊ သင်ကြားသင်ယူနည်းလမ်းသစ်များ၊ သင်ခန်းစာ ပြင်ဆင်ပုံများအတိုင်း လေ့လာသင်ကြားပေးရန် ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူမှု ထိရောက်အောင်မြင်ရေးအတွက် သင်ထောက်ကူပစ္စည်းများကို (KG)သူငယ်တန်းမှစ၍ သင်ရိုးသစ်အတန်းများအလိုက် ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ သင်ရိုးသစ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အားနည်းချက်များကို ပြန်လည်သုံးသပ်စိစစ်ရန်၊ အားသာချက်များကို အခြေခံ၍ ပိုမိုအောင်မြင်အောင် ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။

**သင်ယူတတ်မြောက်မှုစွမ်းရည်များ ပိုမိုကောင်းမွန်လာ**

JICA(CREATE) အဖွဲ့က ၂၀၁၈-၂၀၁၉ ပညာသင်နှစ် (Grade-2) ဒုတိယတန်း ကျောင်းသုံးဖတ်စာအုပ်(သင်္ချာ)အသစ်နှင့် ယခင်ကျောင်းသုံးဖတ်စာအုပ်(သင်္ချာ)အဟောင်းတို့ကို လေ့လာဆန်းစစ်ကြည့်ရာတွင် ကျောင်းသား ကျောင်းသူများသည် ကျောင်းသုံးဖတ်စာအုပ်(သင်္ချာ)အသစ်ကို ပိုမိုကြိုက်နှစ်သက်ကြသည်ကို တွေ့ရှိရပါကြောင်း၊ သင်္ချာဖတ်စာအုပ်အသစ်ဖြင့် သင်ကြားသင်ယူပြီး မေးခွန်းစစ်မေးရာတွင် ရမှတ်ပိုမိုကောင်းမွန်ပါကြောင်း၊ သင်္ချာဖတ်စာအုပ်အသစ်ဖြင့် သင်ကြားသင်ယူပြီး စဉ်းစားတွေးခေါ်မှုကို အားပေးသည့်မေးခွန်းများကို ပိုမိုဖြေဆိုနိုင်ပါကြောင်း၊ ကျောင်းသားကျောင်းသူများ ဖတ်စာအုပ်အသစ်ကို စိတ်ဝင်စားမှုမြင့်မားလာပြီး ပိုမိုအသုံးပြုလာကြသည်ကို တွေ့ရှိရပါကြောင်း၊ ကျောင်းသား ကျောင်းသူများ အကြိုက်နှစ်သက်ဆုံး ကျောင်းသုံးဖတ်စာအုပ်အသစ်များမှာ မြန်မာစာ(၂၅ ဒသမ ၉ ရာခိုင်နှုန်း)၊ ပန်းချီ(၂၅ ဒသမ ၈ ရာခိုင်နှုန်း)၊ အင်္ဂလိပ်စာ (၁၆ ဒသမ ၉ ရာခိုင်နှုန်း)၊ ကာယပညာ (၈ ဒသမ ၁ ရာခိုင်နှုန်း)၊ သင်္ချာ (၈ ဒသမ ၀ ရာခိုင်နှုန်း) ဖြစ်ပါကြောင်း၊ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် သင်ထောက်ကူပစ္စည်းများ အသုံးပြု သင်ကြားသင်ယူလေ့ကျင့်ခြင်းများဖြင့် ကျောင်းသုံးဖတ်စာအုပ်အသစ်များအပေါ် ကျောင်းသား ကျောင်းသူများ၏ စိတ်ဝင်စားမှုနှင့် အကောင်းမြင်သဘောထားများ ပိုမိုမြင့်မားလာပါကြောင်း၊ စာသင်ခန်းတွင်လည်း ပိုမိုအသုံးပြုကြသည်ကို တွေ့ရှိရပါကြောင်း၊ ဆရာ ဆရာမများ၏ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ ပိုမိုကောင်းမွန်လာခြင်းတို့ကြောင့် ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုစွမ်းရည်များ ပိုမိုကောင်းမွန်လာသည်ကို တွေ့ရှိရသဖြင့် JICA(CREATE) အဖွဲ့နှင့် ကျောင်းအုပ်များ၊ ဆရာ ဆရာမများနှင့် မိဘအုပ်ထိန်းသူ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုများကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊

**စနစ်တကျ လေ့ကျင့်သင်ကြား**

ပညာရေးအရည်အသွေးမြင့်မားရေး အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်မှုသည်လည်း အရေးကြီးပါကြောင်း၊ ကိုယ်ပိုင်ကျောင်းများရှိ ဆရာ ဆရာမများ၏ အရည်အသွေးသည်လည်း အထူးအရေးပါသည်ဖြစ်၍ လက်ရှိကိုယ်ပိုင်ကျောင်း ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွင့်လှစ်သင်ကြားကြရမည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲနေသော ပညာရေးမူဝါဒများကိုသိရှိပြီး လိုက်နာကျင့်သုံးရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများကလည်း စနစ်တကျကြပ်မတ်ကွပ်ကဲ ဆောင်ရွက်သွားရမည်ဖြစ်ပြီး တွေ့ရှိရသည့် အခက်အခဲများကို အကျေအလည် ဆွေးနွေးကာ ပူးပေါင်းဆောင်ရွက်ကြရန် လိုပါကြောင်း၊ လူရည်ချွန် ကျောင်းသားများ ရွေးချယ်ခြင်းဖြင့် နိုင်ငံ၏ထူးချွန်သော ကျောင်းသား ကျောင်းသူများ ထွက်ပေါ်လာအောင် ဆောင်ရွက်လျက်ရှိရာ လူရည်ချွန် ကျောင်းသားများ တစ်နှစ်ထက်တစ်နှစ် ပိုမိုထူးချွန်လာအောင် စနစ်တကျလေ့ကျင့်သင်ကြားပေးရန် လိုပါကြောင်း၊ ရွေးချယ်ရာတွင်လည်း ပွင့်လင်းမြင်သာစွာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျရွေးချယ်ကြရန် လိုအပ်ပါကြောင်း။

**ဆရာ ဆရာမများကိုယ်တိုင် အစဉ်တစိုက်လေ့လာသင်ယူ**

ယနေ့လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် လက်ရှိမြေပြင်တွင် ကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြပြီး အကျေအလည် ညှိနှိုင်းဆွေးနွေးစေလိုပါကြောင်း၊ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပညာရေးနှင့်ပတ်သက်သော လုပ်ငန်းများကို ဆရာ ဆရာမများကိုယ်တိုင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် အစဉ်တစိုက် လေ့လာသင်ယူဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်မောင်ဝင်းတို့က ပညာရေးပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ရာတွင် သိရှိရမည့်မူဝါဒများနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြပြီး ဇူလိုင် ၂၅ ရက်မှ ၂၆ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ သတင်းစာရှင်းလင်းပွဲ ပြုလုပ်

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



သတင်းစာရှင်းလင်းပွဲတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်လတ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးရွာစုစုပေါင်း ၂၁၂၆ ရွာရှိပြီး ကျေးရွာ ၁၀၇၉ ရွာ မီးလင်းပြီးဖြစ်၍ မီးလင်းရန်ကျန်ရှိသောကျေးရွာ ၁၀၄၇ ရွာ ကျန်ရှိနေသေးကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ကျေးရွာ ၄၆၀ ထပ်မံမီးလင်းမည် ဖြစ်ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကျေးရွာ ၂၉၃ ရွာနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကျေးရွာ ၂၉၄ ရွာတို့ ထပ်မံမီးလင်းရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောသည်။

ထပ်မံ၍၎င်းက ကျေးရွာများ မီးလင်းရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ၃၃/၁၁ ကေဗွီ ခွဲရုံခုနစ်ရုံ၊ ထရန်စဖော်မာ အလုံး ၂၁၀၊ လိုင်း ၅၇ ဒသမ ၁၁၀ မိုင်၊ ၁၁ ကေဗွီလိုင်း ၂၅၀ ဒသမ ၉၇၀ မိုင်၊ ၄၀၀ ဗွီလိုင်း ၂၄၇ ဒသမ ၁၃၀ မိုင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ၃၃/၁၁ ကေဗွီ ခွဲရုံရှစ်ရုံ၊ ထရန်စဖော်မာ ၁၅၂ လုံး၊ ၃၃ ကေဗွီလိုင်း ၄၁ ဒသမ ၇ မိုင်၊ ၁၁ ကေဗွီလိုင်း ၃၂၀ ဒသမ ၈၀၃ မိုင်၊ ၄၀၀ ဗွီလိုင်း ၁၃၄ ဒသမ ၅၄၁ မိုင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ၃၁/၁၁ ကေဗွီရုံ ၁၁ ရုံ၊ ထရန်စဖော်မာ ၄၀၃ လုံး၊ ၃၃ ကေဗွီလိုင်း ၃၈ ဒသမ ၀၃၀ မိုင်၊ ၁၁ ကေဗွီလိုင်း ၇၇၁ ဒသမ ၄၆၈ မိုင်၊ ၄၀၀ ဗွီလိုင်း ၃၄၉ ဒသမ ၁၁၀ မိုင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောသည်။

အဆိုပါ ကျေးရွာများအားလုံး မီးလင်းနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ၃၂ ဒသမ ၅၈၅ ဘီလီယံ၊ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်အတွင်း ၄၅ ဒသမ ၄၆၉ ဘီလီယံနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ၃၁ ဒသမ ၅ ဘီလီယံ သုံးစွဲသွားမည်ဖြစ်ကြောင်း ယနေ့ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ထို့အတူ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ခရိုင်လေးခရိုင်အတွင်းရှိ မြို့နယ်များတွင် လမ်းမီးအလင်းရောင်ရရှိရန် မြို့နယ် ၂၈ မြို့နယ်၊ လမ်းပေါင်း ၉၃ လမ်းတွင် လမ်းမီးလုံးများ တပ်ဆင်ခြင်း၊ လမ်းမီးဓာတ်အားလိုင်းများ ပြေးဆွဲခြင်း၊ ထရန်စဖော်မာများ တပ်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး ဒစ်ဂျစ်တယ်အိမ်သုံးမီတာများအားဖြင့် မီတာယူနစ်ဖတ်သည့် OMR စနစ်မှ AMI စနစ်သို့ ဒေါပုံမြို့နယ်နှင့် ပန်းဘဲတန်းမြို့နယ်တို့တွင် Pilot Project အဖြစ်ဆောင်ရွက်နေပြီး တောင်ဥက္ကလာပမြို့နယ်တွင်လည်း ဆက်လက်အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိကြောင်း ဥက္ကဋ္ဌ ဦးမောင်မောင်လတ်က ပြောသည်။

မီတာဖတ်ရာတွင် AMI စနစ်သို့ ပြောင်းလဲပြီးပါက လျှပ်စစ်မီးသုံးစွဲသူ ပြည်သူများအနေဖြင့် မိမိတို့ သုံးစွဲသောမီတာ၏ ပကတိအခြေအနေကို လက်ကိုင်ဖုန်းရှိ Mobile Application မှ အလွယ်တကူ သုံးစွဲသည့်ယူနစ်နှင့် ကျသင့်ငွေအား ကြည့်ရှုနိုင်ခြင်း၊ လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာသုံးစွဲနိုင်ခြင်း၊ ဓာတ်အားခငွေများကို ဘဏ်ဖြင့်ချိတ်ဆက်ပေးချေနိုင်သည့် Mobile Banking စနစ်ပါရှိခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ သိရသည်။ **သတင်းနှင့်ဓာတ်ပုံ၊ မင်းသစ်**(MNA)

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း အမေရိကန်သံရုံးယာယီတာဝန်ခံအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၅**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် အမေရိကန်သံရုံး ယာယီတာဝန်ခံ Mr. George Sibley နှင့် ဒုတိယအတွင်းဝန် Ms. Sarah Grebowski နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ Extractive Industry Transparancy Initiative (EITI) သစ်တောကဏ္ဍ အစီရင်ခံစာကို ဒေသတွင်းနိုင်ငံများအကြား ဦးစွာ ထုတ်ပြန်ကြေညာနိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ (၂၀၁၈) ပြဋ္ဌာန်းမှုနှင့် နည်းဥပဒေများထုတ်ပြန်နိုင်ရေး ဆက်လက် ဆောင်ရွက်နေမှု၊ တရားမဝင်သစ်ခုတ်လှဲ ထုတ်လုပ်မှုများအတွက် ပြည်သူလူထုပူးပေါင်းပါဝင်သည့် Community Monitoring and Reporting System (CMRS) ဆောင်ရွက်မှုနှင့် ဆက်နွှယ်သည့် ဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ သစ်တောပြန်လည်တည်ထောင်ခြင်းအတွက် နိုင်ငံတစ်ဝန်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပမှုနှင့် အလွှာပေါင်းစုံမှ ပူးပေါင်းပါဝင်နိုင်မှု၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေ (၂၀၁၉)ပြဋ္ဌာန်းမှုနှင့် အကောင်အထည်ဖော်မည့် နည်းဥပဒေများ ဆက်လက်ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဓာတ်သတ္တုမူဝါဒရေးဆွဲပြုစုမှုတို့တွင် နည်းပညာအကူအညီ၊ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာ၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေးနှင့် ထိခိုက်မှုလျော့နည်းသက်သာစေရေး ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**





# ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်အဖွဲ့ အာဆီယံ-တရုတ် ပြန်ကြားရေးဝန်ကြီးများအဆင့် သတင်းမီဒီယာဖိုရမ် တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၂၅**
ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဇူလိုင် ၂၃ ရက်မှ ၂၄ ရက်အထိ Connected For A Better Future ဆောင်ပုဒ်ဖြင့် ကျင်းပသည့် အာဆီယံ-တရုတ် ပြန်ကြားရေးဝန်ကြီးများအဆင့် သတင်းမီဒီယာဖိုရမ် (ASEAN-China High-Level Media Forum) သို့ တက်ရောက်ခဲ့ပြီး ယနေ့ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံဒေသရှိ ဘုရားများအား လှည့်လည်ဂုဏ်ပြုပူဇော်မည့်စက်ဘီးစီးအဖွဲ့ ရန်ကုန်မြို့မှ စတင်ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၅**
၂၀၁၉ ခုနှစ်အတွက် UNESCO မှ "ပုဂံ"ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသအဖြစ် အသိအမှတ်ပြုခြင်းအား ဂုဏ်ပြုကြိုဆိုခြင်းနှင့် မြန်မာနိုင်ငံစက်ဘီးစီးသူများကွန်ရက် (Bicycle Network Myanmar-BNM) ငါးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် စက်ဘီးစီးအဖွဲ့ဝင်များသည် ပုဂံရှိစေတီပုထိုးများအား စက်ဘီးစီးနင်းကာ လှည့်လည်ဖူးမြော်ရန် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်ဘူတာကြီးရှေ့၌ စုရပ်ပြုလုပ်ပြီး ညနေ ၄ နာရီတွင် စတင်ထွက်ခွာခဲ့ကြောင်း သိရသည်။

**ပုဂံကို ဂုဏ်ပြု**

"ကျွန်တော်တို့က ပုဂံ ယူနက်စကိုဝင်တာကို ဂုဏ်ပြုချင်တဲ့အတွက် အခုလိုစီစဉ်ခဲ့တာပါ။ စက်ဘီးဆိုတာကလည်း ကာဗွန်ထုတ်လွှတ်မှုမရှိတဲ့အတွက် ပုဂံကိုဂုဏ်ပြုချင်တာပါ။ ဒီကနေ ကျောက်ပန်းတောင်းကို ရထားနဲ့သွားမယ်၊ ကျောက်ပန်းတောင်းရောက်မှ စနင်းကြမှာပါ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့နဲ့ လိုက်မယ့်အထဲမှာ မနင်းနိုင်တဲ့အသစ်တွေပါတယ်။ တချို့ကျတော့လည်း အပျော်အနေနဲ့လိုက်ကြတာ၊ နောက်အမျိုးသမီးတွေလည်း



ပါတယ်။ အသက်ကြီးတဲ့သူတွေလည်းပါတယ်ဆိုတော့ သူတို့အတွက်ပါ ကြိုတင်စဉ်းစားပြီး အခုလိုစီစဉ်တာပါ။ ရထားနဲ့က အယောက် ၉၀ သွားမှာပါ။ ကားနဲ့က အယောက် ၆၀ သွားတယ်။ တခြားအနယ်နယ် အရပ်ရပ်က လူတွေလည်းပါတော့ အားလုံးပေါင်း ၂၀၀ ဝန်းကျင် လောက်ရှိမယ်"ဟု မြန်မာနိုင်ငံ စက်ဘီးစီးသူများကွန်ရက် ဥက္ကဋ္ဌ ဦးဇော်မိုးက ပြောသည်။

**ပူးပေါင်းအမှိုက်ကောက်ကြမည်**

အဆိုပါ စက်ဘီးစီးအဖွဲ့သည် ဇူလိုင် ၂၆ ရက် နံနက်ပိုင်းတွင် ကျောက်ပန်းတောင်း၌ လာရောက်ပူးပေါင်းကြမည့် စက်ဘီးဝါသနာရှင်များနှင့်အတူ စက်ဘီးစီးနင်းကြမည်ဖြစ်ပြီး ပုဂံသို့ရောက်ရှိပါက ရွှေစည်းခုံစေတီ အရှေ့ဘက်စောင်းတန်းရှိ ပုဗ္ဗာရုံကျောင်းတိုက်တွင် တည်းခိုကြကာ ညနေပိုင်းရောက်သည့်အချိန်များတွင် ဘုရားစေတီပုထိုးများအား ဖူးမြော်ကြမည်ဖြစ်သည်။ ယင်းနောက် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် ဘုရားစေတီများအား ထပ်မံလှည့်လည်ဖူးမြော်ပြီး ပုဂံဒေသသန့်ရှင်းလှပစေရန် အမှိုက်ကောက်သည့်အဖွဲ့များဖြင့် ပူးပေါင်းအမှိုက်ကောက်ကြမည်ဖြစ်သည်။ မွန်းလွဲပိုင်းတွင် ပုဂံသမိုင်းအမွေအနှစ် အချက်အလက်များထိန်းသိမ်းထားရာ ရှေးဟောင်းယဉ်ကျေးမှုပြတိုက်သို့ သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**တန်ဖိုး မဖြတ်နိုင်တဲ့ အနုပညာတွေရှိ**

"ဒီခရီးစဉ်မှာ ကျွန်တော်က လိုက်ပါစီးနင်းသူတစ်ဦးကို ငွေကျပ် ၃၀၀၀၀ ထောက်ပံ့ပါတယ်။ တော်တော်များများက ပုဂံမှာနာမည်ကြီးဘုရားတွေပဲ ရောက်ဖူးတယ်။ ပုဂံမှာ ၃၈၂၂ ဘုရားတွေမှာ တန်ဖိုးမဖြတ်နိုင်တဲ့ အနုပညာတွေရှိတယ်။ ဗိသုကာတွေရှိတယ်။ နံရံဆေးရေးတွေရှိတယ်။ အင်္ဂတေပိုင်းတွေရှိတယ်ဆိုတဲ့ ဒီအနှစ်သာရကို သိစေချင်တာ။ ကျွန်တော်တို့ရဲ့ခရီးစဉ်မှာ လူအများသိတဲ့ ဘုရားကြီးတွေကို တော်တော်များများ ချန်လှပ်ထားမယ်။ ဘာကြောင့်လဲဆိုတော့ နှစ်ရက်ပဲရတဲ့အတွက် နှစ်ရက်အတွင်းမှာ တကယ့်ဗိသုကာအနုပညာတွေ ပြောင်မြောက်တဲ့ဘုရားတွေကို ပို့ဆောင်ပေးမှာဖြစ်တယ်" ဟု အလှူရှင် ဦးကြည်မိုးက ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇာနည်မောင်**
**အေးမင်းသူ**

# အလုံမြို့နယ်၌ အခြေခံလူဦးရေစာရင်း ကောက်ယူခြင်း ပြုလုပ်

**ရန်ကုန် ဇူလိုင် ၂၅**
ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်၌ အခြေခံလူဦးရေစာရင်းကောက်ယူခြင်းကို ဇူလိုင် ၂၅ ရက် ညနေ ၅ နာရီက အလုံမြို့နယ် သစ်တောရပ်ကွက် အောင်ဇေယျရိပ်မွန်အိမ်ရာတွင် တစ်အိမ်တက်ဆင်း ကောက်ယူသည်။

အခြေခံလူဦးရေစာရင်း ကောက်ယူရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်၊ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးလှဝင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမောင်မောင်ထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟစိုးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မောင်ဦး (အလုံ)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၅** ။ ။ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဆွစ်ဇာလန် သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၅**


စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး Mr. Tim Enderlin နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ-၁ ၌ လက်ခံတွေ့ဆုံသည်။


**ပူးပေါင်းဆောင်ရွက်**

တွေ့ဆုံစဉ် မြန်မာ-ဆွစ်ဇာလန် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ပူးပေါင်းဆောင်ရွက်သွားရေး၊ ဆွစ်ဇာလန်နိုင်ငံ၏ နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုများအနေဖြင့် Vocational Training များ ဖွင့်လှစ်နိုင်ရန်အတွက် ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ရေး၊ ပညာသင်ဆုများ ထောက်ပံ့ပေးနိုင်ရေးနှင့် ခရီးသွားကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် နှစ်နိုင်ငံအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**






## သဘာဝဘေးသတင်း

# မိုးအဆက်မပြတ်ရွာသွန်း၍ မိုးကောင်းချောင်းရေ စိုးရိမ်ရေမှတ်ထက် ကျော်လွန်

**မိုးကောင်း ဇူလိုင် ၂၅**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ မိုးအဆက်မပြတ်ရွာသွန်းခဲ့၍ မိုးကောင်းချောင်းရေသည် မိုးကောင်းမြို့၏ စိုးရိမ်ရေမှတ်ထက်ကျော်လွန်ခဲ့ကြောင်း အဆိုပါ မြို့နယ်ရှိ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ ယနေ့ညနေ ၃ နာရီ တိုင်းထွာချက်များအရ သိရသည်။

**ချောင်းရေများဝင်ရောက်လျက်ရှိ**

မိုးကောင်းမြို့တွင် ယနေ့ညနေ ၃ နာရီအချိန် တိုင်းထွာချက်များအရ မိုးရေချိန်လက်မ ၂ ဒသမ ၂၀ ရွာသွန်းခဲ့ကာ နန့်ရင်းချောင်းရေမှာ မိုးကောင်းမြို့၏ စိုးရိမ်ရေမှတ်ဖြစ်သည့် ၆၀၀ စင်တီမီတာအထက် ကျော်လွန်ကာ ၆၃၂ စင်တီမီတာသို့ ရောက်ရှိနေပြီး နန့်ကောင်းချောင်းရေမှာ ၆၀၆ စင်တီမီတာသို့ ရောက်ရှိနေ၍ မိုးကောင်းမြို့အနိမ့်ပိုင်းရပ်ကွက်ရှိ လူနေအိမ်အချို့တွင် ချောင်းရေများ ဝင်ရောက်လျက်ရှိသည်။

အဆိုပါ ချောင်းရေများမြင့်တက်လာမှုကြောင့် မိုးကောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့က အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# ညောင်ဦးမြို့နယ်၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် စာသင်ကျောင်းငါးကျောင်း ယာယီပိတ်ထားရ

**ညောင်ဦး ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် မြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်း ငါးကျောင်း ယာယီပိတ်ထားရကြောင်း ညောင်ဦးမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ညောင်ဦးမြို့နယ်၌ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ထောင့်ကြီးကျေးရွာမူလတန်းကျောင်း၊ ဗုဒ္ဓကုန်းကျွန်းကျေးရွာမူလတန်းကျောင်း၊ လက်ထုပ်ကျွန်းကျေးရွာမူလတန်းကျောင်း၊ အုန်းနဲ့ချောင်းကျေးရွာမူလတန်းကျောင်းနှင့် ရေလယ်ကျွန်းကျေးရွာ အထက်တန်းကျောင်း စုစုပေါင်းအခြေခံပညာစာသင်ကျောင်း ငါးကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ ဘေးကင်းလုံခြုံစေရန်အတွက် ယာယီပိတ်ထားရကြောင်း သိရသည်။ အဆိုပါ ယာယီပိတ်ထားသည့် ကျောင်းများကို မြစ်ရေကျဆင်းမှုအပေါ် မူတည်ပြီး ကျောင်းသားကျောင်းသူများ၏ သင်ခန်းစာနောက်မကျစေရေး ကျောင်းပိတ်ရက်များတွင် ပြန်လည်အစားထိုးသင်ကြားပေးသွားရန် စီစဉ်ဆောင်ရွက်ထားကြောင်း ညောင်ဦးမြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်ဌေးထံမှ သိရသည်။

**လှိုင်ဝင်းလေး( ပုဂံမြေ )**

# ဘီးလင်းမြစ်ရေအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၅**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**မိုး/ဇလ**

# ထန်းတပင်မြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပျက်စီး

**ထန်းတပင် ဇူလိုင် ၂၅**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ ယနေ့နံနက် ၉ နာရီခွဲက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် တလိုင်မီကျေးရွာအတွင်းရှိ လူနေအိမ်များ အမိုးလန်ကာ ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ကူညီဆောင်ရွက်**

အဆိုပါ မိုးသက်လေပြင်း တိုက်ခတ်မှုများကြောင့် လူနေအိမ်ငါးလုံး အမိုးများလန်ကာပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး နေအိမ်လေးလုံး ပြိုကျပျက်စီးခဲ့သည်။ မိုးသက်လေပြင်းတိုက်ခတ်မှုများကြောင့် လေပြင်းတိုက်ခတ်ခံခဲ့ရသည့် မိသားစုဝင်များ၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

❖ **ကျောဖုံးမှ**

ခြောက်ဂိုး-သုံးဂိုး၊ ချင်းယူနိုက်တက်အသင်းက မောရဝတီအသင်းကို သုံးဂိုး-ဂိုးမရှိ၊ တက္ကသိုလ်အသင်းက ကချင်ယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့် အား/ကာသိပ္ပံနှင့် မြဝတီအသင်းတို့ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ တတိယဆုရ University အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို မြဝတီအသင်း အမှုဆောင်အရာရှိချုပ် ဦးမြတ်စိုးနှင့် My Sports မှ မန်နေဂျင်း ဒါရိုက်တာ Mr.Clint၊ ဆုကြေးငွေကျပ် ၂၅ သိန်းကို မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ ဒုတိယဆုရ မြဝတီအသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် တက္ကသိုလ်များ ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာသောင်းထိုက်နှင့် အား/ကာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ ဆုကြေးငွေကျပ်သိန်း ၅၀ ကို MPT JO Department General Manager ဦးကျော်သက်၊ ပထမဆုရ အား/ကာသိပ္ပံအသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် ချင်းယူနိုက်တက်အသင်းပိုင်ရှင် ဒေါ်တင့်တင့်လွင်၊ ဆုကြေးငွေကျပ်သိန်း ၁၀၀ ကို MPT JO, Marketing Director ဦးခင်မောင်မြင့်တို့က ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဇော်က ပထမဆုရ အား/ကာသိပ္ပံအသင်းအား ချန်ပီယံဆုဖလားချီးမြှင့်သည်။

ပြိုင်ပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၃ ပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ၄၀ ဖြင့် ပထမ၊ မြဝတီအသင်းက ၁၂ ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ၃၇ မှတ်ဖြင့် ဒုတိယ၊ တက္ကသိုလ်အသင်းက ကိုးပွဲနိုင်၊ ငါးပွဲရှုံး ၂၇ မှတ်ဖြင့် တတိယတို့ရရှိခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-MNL**

# ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံ ရေပြည့်မှတ်ကျော်လွန်နေမှုနှင့်ပတ်သက်၍ ပြည်သူများအား အသိပေးရှင်းလင်း

**ပွင့်ဖြူ ဇူလိုင် ၂၅**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံ ရေပြည့်မှတ်ကျော်လွန်နေမှုနှင့်ပတ်သက်၍ ပြည်သူများ သိရှိနိုင်ရေးအတွက် အသိပေးရှင်းလင်းဆွေးနွေးခြင်းကို ဇူလိုင် ၂၄ ရက် ညနေ ၃ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။

ပွင့်ဖြူမြို့နယ် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းတို့က မိုးတွင်းကာလတွင် ဖြစ်ပေါ်တတ်သည့် သဘာဝဘေးအန္တရာယ်၊ ရေကြီးရေလျှံမှုများနှင့် ပတ်သက်၍ ပြည်သူများထိခိုက်နစ်နာဆုံးရှုံးမှုများ မဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိကြစေလိုကြောင်းနှင့် သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်းပြီး ထူးခြားမှုရှိပါက သက်ဆိုင်ရာ မြို့နယ် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအဖွဲ့ထံ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ အကူအညီတောင်းခံရယူကြရန် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်သူလင်းက ကြီးအုံကြီးဝတမံ ရေပြည့်မှတ်ကျော်လွန်နေမှုနှင့် ပတ်သက်၍ ဆောင်ရန်ရှောင်ရန်အချက်များနှင့် စိုးရိမ်ဖွယ်ရာ အခြေအနေရှိလာပါက ရေကြီးရေလျှံမှုကျရောက်နိုင်သည့် ကျေးရွာများမှ ဒေသခံပြည်သူများ ကြိုတင်ရှောင်ရှားနိုင်ရန်အတွက် သတိပေးအမှတ်အသားများဖြင့် အသိပေးနှိုးဆော်ခြင်းများ ပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ဆောင်ရွက်ပေးမည့် ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနဝန်ထမ်းများက ကြီးအုံကြီးဝတမံနှင့်ပတ်သက်ပြီး အရေးပေါ်အခြေအနေအဆင့်သတ်မှတ်ချက်များ ပါဝင်သည့် အသိပညာပေးလက်ကမ်းစာစောင်များကို လိုက်လံဖြန့်ဝေပေးခဲ့သည်။



ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံ၏ ရေပြည့်အမှတ်မှာ ၃၄၀ ဒသမ ၃ ပေဖြစ်ပြီး လက်ရှိအခြေအနေတွင် တမံရေပြည့်မှတ်အထက် သုည ဒသမ ၃ စင်တီမီတာ ရေကျော်လွန်လျက်ရှိကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**



သုံးခွမြို့မရဲစခန်းမှူး ဒုရဲမှူး အောင်နိုင်ဦး ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁ နာရီက သုံးခွမြို့ အထက(၁) အစည်းအဝေးခန်းမ၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြောစဉ်။

**ကျော်စိုးမိုး**
**(မင်္ဂလာတောင်ညွန့်)**

# စားသောက်ကုန်ပြပွဲနှင့် လက်လီလုပ်ငန်းကုန်စည်ပြပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၅**
နိုင်ငံတကာမှ စားသောက်ကုန်နှင့် လက်လီလုပ်ငန်းဆိုင်ရာ နည်းပညာများချိတ်ဆက်ဆောင်ရွက်နိုင်ရေးကို ဦးတည်ပြီး ယခုနှစ်၏ (၆)ကြိမ်မြောက် မြန်မာ့စားသောက်ကုန်ပြပွဲနှင့် (၄)ကြိမ်မြောက် မြန်မာ့လက်လီလုပ်ငန်း ကုန်စည်ပြပွဲ Myanmar FoodBev and Myanmar Retail Sourcing Expo 2019 ကို ဩဂုတ် ၁၅ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ဝင်ကြေးအခမဲ့ဖြင့် ကျင်းပမည်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကုန်စည်ပြပွဲတွင် ပြည်တွင်းမှလုပ်ငန်းရှင်များနှင့် ထိုင်း၊ ကိုရီးယား၊ ဆော်ဒီအာရေဗျ စသည့် နိုင်ငံတကာမှ လုပ်ငန်းရှင်များလည်း ပါဝင်ပြသကြမည်ဖြစ်ပြီး ပြပွဲအတွင်း နောက်ဆုံးပေါ် စားသောက်ကုန်လုပ်ငန်းများအတွက် လိုအပ်သည့် ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများအပြင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (MRA) နှင့် မြန်မာနိုင်ငံလက်လီလုပ်ငန်းရှင်များအသင်း (MMRA) တို့၏ အားဖြည့်ကူညီမှုဖြင့် နည်းပညာပိုင်းဆိုင်ရာများ၊ ကုန်ပစ္စည်းများနှင့် အလှဆင်ပစ္စည်းများလည်း ပါဝင်ပြသသွားမည်ဖြစ်သည်။

သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပခဲ့ပြီး ပြည်တွင်း၊ ပြည်ပမှလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အဆိုပါ ကုန်စည်ပြပွဲသည် ထုတ်ကုန်များနှင့် လက်လီလုပ်ငန်းဆိုင်ရာနည်းပညာများကို ပြည်တွင်းလုပ်ငန်းရှင်များနှင့် နိုင်ငံတကာမှ လုပ်ငန်းရှင်များ အချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး လုပ်ငန်းရှင်များအတွက် စီးပွားရေး အခွင့်အလမ်းသစ်များနှင့် ယှဉ်ပြိုင်မှုများ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။



**အေးမင်းသူ**

# မြန်မာနိုင်ငံ၌ ပထမဆုံးအာဆီယံအိမ်ခြံမြေပြပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၅**
မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) အာဆီယံအိမ်ခြံမြေမိတ်ဖက်ကွန်ရက်အဖွဲ့၏ ကွန်ဗင်းရှင်းနှင့် ပြပွဲကျင်းပရန် စာနယ်ဇင်းရှင်းလင်းပွဲကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အိမ်ခြံမြေလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေရန်အတွက် မြန်မာနိုင်ငံ၌ ပထမဆုံးအိမ်ခြံမြေကွန်ဗင်းရှင်းနှင့်ပြပွဲကြီးကို မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း( ဗဟို) အာဆီယံအိမ်ခြံမြေမိတ်ဖက်ကွန်ရက်အဖွဲ့ကြီးက ကြီးမှူး၍ လာမည့်ဩဂုတ်လအတွင်း ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အာဆီယံအိမ်ခြံမြေအခမ်းအနားသို့ အာဆီယံနှင့်မိတ်ဖက်နိုင်ငံများမှ လူပေါင်း ၃၀၀ ကျော်နှင့် မြန်မာနိုင်ငံမှ ၃၅၀ တက်ရောက်ရန် စာရင်းရှိထားပြီး စုစုပေါင်း ၇၀၀ ကျော် တက်ရောက်ရန် ခန့်မှန်းထားကြောင်း၊ နှစ်ရက်တာကာလအတွင်း အတွေ့အကြုံနှင့် နည်းပညာဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ချိတ်ဆက်ခြင်း၊ ရှေ့အလားအလာနှင့် မျှော်မှန်း သုံးသပ်တင်ပြခြင်း၊ ဒေသတွင်း နိုင်ငံများအကြား စနစ်ကျသော အိမ်ခြံမြေ ရောင်းဝယ်မှုပုံစံများ အပြန်အလှန်ဖလှယ်ရေးတို့ ပါဝင်သော ဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့၏ တည်ဆောက်ဆဲအိမ်ရာစီမံကိန်းများသို့ သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ရက်အဖွဲ့ကို ၂၀၁၆ ခုနှစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ARENA Charter ပဋိညာဉ်ကို အာဆီယံအဖွဲ့ဝင် ရှစ်နိုင်ငံက လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ယခုအခါ လာအိုနှင့် ဘရူနိုင်းနိုင်ငံတို့လည်း အဖွဲ့ဝင်ဖြစ်ရေးကြိုးပမ်းလျက်ရှိကြောင်း၊ နှစ်စဉ် အစည်းအဝေးများကို အလှည့်ကျဥက္ကဋ္ဌတာဝန်ယူရသော နိုင်ငံများ၌ ကျင်းပကြောင်း၊ လက်ရှိအလှည့်ကျဥက္ကဋ္ဌမှာ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ ဦးခင်မောင်သန်းဖြစ်ကြောင်း၊ အတွင်းရေးမှူးချုပ်ရုံးကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ထားရှိပြီး အတွင်းရေးမှူးချုပ်တာဝန်ကို အသင်းစတင်တည်ထောင်သူ Mr. Sama Sundram က ဆောင်ရွက်ကြောင်း၊ ၂၀၂၀ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ဖိလစ်ပိုင်နိုင်ငံသို့ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**



# ကျောက်ပန်းတောင်းမြို့ ရေသန့်လုပ်ငန်းစက်ရုံများအား သတ်မှတ်စည်းကမ်းများနှင့် ညီညွတ်မှု ရှိ၊ မရှိ စစ်ဆေး

**ကျောက်ပန်းတောင်း ဇူလိုင် ၂၅**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ ရေသန့်စက်ရုံများအား ညောင်ဦးခရိုင် FDA တာဝန်ရှိသူများ၊ ကျောက်ပန်းတောင်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များက ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီခွဲကကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ရေသန့်စက်ရုံအတွင်း အစားအသောက်ဘေးကင်းလုံခြုံစိတ်ချမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များဖြစ်သည့် စက်ရုံတည်ဆောက်ပုံ၊ ဘူးခွံများဆေးကြောခြင်း၊ ဆေးကြောပြီးရေသန့်ဘူးခွံများ တင်သည့်စင်၊ Packing Material Room၊ Packing Room၊ Processing Room နှင့် စက်ရုံဧရိယာ သန့်ရှင်းရေးစသည့်အချက်များကို လိုက်လံစစ်ဆေးခဲ့ကြသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

# စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများရရှိရေးနှင့် သဘာဝမြေသြဇာသုံးစွဲခြင်း၊ ရေပေးစနစ် ကွင်းသရုပ်ပြသ

**သီပေါ ဇူလိုင် ၂၅**
စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သဘာဝမြေသြဇာသုံးစွဲခြင်းနှင့် ရေပေးစနစ် ကွင်းသရုပ်ပြပွဲကို ဇူလိုင် ၂၅ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် နောင်ချိုမြို့နယ် နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေးက GAP စနစ်အကြောင်းများကိုလည်းကောင်း၊ ခြံတာဝန်ခံ ဦးတင်နိုင်ထွန်းက မက္ကာဒေးမီးယား သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး SoJun Grop က ကြက်ချေးပြာ မြေသြဇာအကြောင်းကိုလည်းကောင်း ဟောပြောဆွေးနွေးပြီး MSE ကုမ္ပဏီမှ အလိုအလျောက် ရေပေးစက်သုံးစွဲမှုကို လက်တွေ့သရုပ်ပြသခဲ့သည်။

**စိုင်း(သီပေါ)**

# ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ရေရှားပါးသောဒေသများတွင် စက်ရေတွင်းများ တူးဖော်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၅**
ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် နိုင်ငံတစ်ဝန်းရှိ ရေရှားပါးမှုဖြစ်ပေါ်နေသောဒေသများမှ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းများကို ဒေသခံပရဟိတအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ပူးပေါင်း၍ တူးဖော်ပေးလျက်ရှိသည်။

**အောင်မြင်စွာဆောင်ရွက်နိုင်**

ယခုနှစ် မေ၊ ဇွန်နှင့်ဇူလိုင် သုံးလအတွင်း မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကြို့ပင်အင်းကျေးရွာတွင် တစ်နာရီရေဂါလန် ၅၀၀၀ ဖြင့်လည်းကောင်း၊ နေပြည်တော် လယ်ဝေးမြို့ရှိ ချမ်းမြေ့ရိပ်သာကျောင်းတွင် တစ်နာရီ ရေဂါလန် ၂၂၅၀ နှင့် ၈၀၀ ဖြင့် စက်ရေတွင်းနှစ်တွင်းအားလည်းကောင်း၊ နေပြည်တော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံ ခုတင် ၃၀၀ တွင် တစ်နာရီရေဂါလန် ၆၀၀၀ ဖြင့်လည်းကောင်း၊ ပြင်ဦးလွင်မြို့ရှိ အောင်ချမ်းသာ ဘုန်းတော်ကြီးကျောင်းတွင် တစ်နာရီ ဂါလန် ၃၅၀၀ ဖြင့်လည်းကောင်း၊ မကွေးမြို့နယ် ဆူးကောက်စမ်းကျေးရွာတွင် တစ်နာရီ ရေဂါလန် ၅၀၀၀ ဖြင့်လည်းကောင်း၊ ပြင်ဦးလွင်မြို့ရှိ ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာတွင် တစ်နာရီ ရေဂါလန် ၁၂၀၀ ဖြင့်လည်းကောင်း အသီးသီးအောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် တောပြားကျေးရွာနှင့် ပြင်ဦးလွင်မြို့ ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာတို့တွင် ဒုတိယမြောက်တွင်းတို့ကို ဆက်လက်တူးဖော်ပေးလျက်ရှိသည်။

**လှူဒါန်းခဲ့**

ဖောင်ဒေးရှင်းသည် ၂၀၁၄ ခုနှစ်မှစ၍ ရေရှားပါးသောဒေသများရှိ ပြည်သူများ သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်း ၂၁၁ တွင်း တူးဖော်ပေးခြင်း၊ ရေလှောင်ကန်များဆောက်လုပ်ပေးခြင်း၊ အိမ်တိုင်ရာရောက် ရေပိုက်များသွယ်တန်းပေးခြင်း၊ ရေသယ်ယာဉ် ၄၇ စီးကို နိုင်ငံတစ်ဝန်းရှိ ပရဟိတအသင်းများအား လှူဒါန်းခဲ့သည့်အပြင် ဖောင်ဒေးရှင်းထူထောင်ချိန်မှစ၍ နိုင်ငံတော်နှင့်ပြည်သူများအတွက် ငွေကျပ် ၁၅၆ ဘီလီယံကျော် လှူဒါန်းခဲ့ပြီးဖြစ်သည်။

ကြေးမုံ





# အင်းဝမြို့ဟောင်းအတွင်း မြစ်ရေဝင်ရောက်မှုမရှိစေရန်ဆောင်ရွက်

**မန္တလေး ဇူလိုင် ၂၅**
မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝမြို့ဟောင်းဒေသအတွင်းသို့ မြစ်ရေများကျိုးပေါက်ဝင်ရောက်မှုမရှိစေရန် ဇူလိုင် ၂၁ ရက်မှစ၍ တတိယမြို့ရိုးအရှေ့ဘက်နှင့် အနောက်ဘက်နေရာများတွင် သဲအိတ်များချ၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဒေသသည် ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်ဆုံရာအနီးတွင်တည်ရှိသဖြင့် မိုးရာသီတွင် မြစ်ရေမြင့်တက်မှုကြောင့် နှစ်စဉ်ရေဝင်ရောက်မှုများ ကြုံတွေ့ခဲ့ရပြီး လက်ရှိအချိန်တွင် မြစ်ကမ်းအနီးရှိအနိမ့်ပိုင်းကျေးရွာများဖြစ်သော ဥတည်ရွာ၊ ညောင်စင်ရွာ၊ ကျုံးထိပ်ရွာ၊ အိုးတုတ္တန်းရွာနှင့် လှေကြီးတန်းကျေးရွာတို့တွင် ဇူလိုင် ၁၉ ရက်မှစ၍ မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"ဇူလိုင် ၂၁ ရက်ကစပြီး သဲအိတ်တွေနဲ့ ပိတ်ဆို့ပြီး မြစ်ရေမဝင်အောင် ကာကွယ်ရေးလုပ်ငန်းတွေကို ရပ်ကွက်အသီးသီးက အုပ်ချုပ်ရေးမှူးတွေ ဦးဆောင်ပြီး စုပေါင်းလုပ်ဆောင်နေပါတယ်။ မြို့ရိုးကျိုးပေါက်ပြီး ရေဝင်လာရင်တော့ ရှေးဟောင်းအဆောက်အအုံတွေ၊ စေတီပုထိုးတွေနဲ့ ရပ်ကွက်တော်တော်များများ ရေနစ်မြုပ်သွားမှာပါ။ ကျွန်တော်တို့ ရပ်ကွက်မှာက တတိယမြို့ရိုး ရေထိန်းတံခါးတွေရှိတဲ့အတွက် တံခါးတွေ ခိုင်ခံ့အောင်၊ ရေမကျော်အောင်၊ ရေစိမ့်မဝင်အောင် သဲအိတ်တွေဖို့ပြီး ကာကွယ်ရေးတွေကို လုပ်ဆောင်နေကြပါတယ်" ဟု မီးသွေးတိုက်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးစန်းဦးက ပြောသည်။

အဆိုပါ အင်းဝဒေသတွင် ၂၀၀၄၊ ၂၀၀၆၊ ၂၀၁၄၊ ၂၀၁၆ ခုနှစ်များက တတိယမြို့ရိုးသုံးနေရာမှ ရေများကျိုးပေါက်ဝင်ရောက်မှုကြောင့် အင်းဝမြို့ဟောင်းအတွင်းနှင့် ၎င်းဒေသရှိ ဥတည်ကျေးရွာအုပ်စု၊ ဟံသာဝတီကျေးရွာအုပ်စု၊ မီးသွေးတိုက်ကျေးရွာအုပ်စုနှင့် ဈေးချိုကျေးရွာအုပ်စုများတွင် ရေဝင်နစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ဖူးကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်သည် ဇူလိုင် ၂၂ ရက်က အင်းဝဒေသ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးနေမှုအခြေအနေများ၊ ဆင်ကျုံးကျေးရွာအနီးရှိ စန္ဒာပူရိအနောက်မြို့ရိုး ရေထိန်းတံခါးအခြေအနေနှင့် မြစ်ကမ်းဘေးတစ်လျှောက် မြစ်ရေအခြေအနေတို့ကို လိုက်လံကြည့်ရှုပြီး လုပ်ငန်းများပြီးမြောက်စေရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)



# အဲဗာတန်တောင်ပံကစားသမား လွတ်မန်း ဂျာမန်ဘွန်ဒက်လီဂါကလပ် လိုက်ဇစ်သို့ ပြောင်းရွှေ့

ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်းရဲ့ တောင်ပံကစားသမား လွတ်မန်းဟာ ဂျာမန်ဘွန်ဒက်လီဂါကလပ် လိုက်ဇစ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ပြီဖြစ်ပါတယ်။

တောင်ပံကစားသမား လွတ်မန်းဟာ လိုက်ဇစ်အသင်းကို ပြောင်းရွှေ့ကြေးပေါင် ၂၂ သန်းကျော်နဲ့ ပြောင်းရွှေ့ခဲ့တာလည်းဖြစ်ပါတယ်။ လွတ်မန်းဟာ အင်္ဂလန်အသက် ၂၁ နှစ်အောက်အသင်းမှာလည်း ပါဝင်ကစားခဲ့ပြီး ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ လိုက်ဇစ်အသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

အဲဗာတန်အသင်းဟာ တောင်ပံကစားသမားလွတ်မန်းကို ၂၀၁၇-၂၀၁၈ ဘောလုံးရာသီရဲ့ ဒုတိယရာသီဝက်ကာလအတွင်းမှာ လိုက်ဇစ်အသင်းကို အငှားချထားခဲ့ပြီး လိဂ်ပွဲစဉ် ၁၁ ပွဲမှာ သွင်းဂိုးငါးဂိုးအထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

လိုက်ဇစ်အသင်းဟာ ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ကာလအတွင်းကတည်းက လွတ်မန်းကို ပြောင်းရွှေ့ကြေးပေါင်သန်း ၂၀ နဲ့ ခေါ်ယူဖို့ပြင်ဆင်လာခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် အဲဗာတန်အသင်းက ရောင်းချဖို့ ငြင်းဆိုခဲ့တာဖြစ်ပါတယ်။

တောင်ပံကစားသမား လွတ်မန်းဟာ ၂၀၁၇ ခုနှစ် ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်းက ချာတန်အသင်းကနေ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး အဲဗာတန်အသင်းနဲ့အတူ ပွဲစဉ် ၄၈ ပွဲအထိ ပါဝင်ကစားထားတာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# နိုင်ငံတကာချန်ပီယံများဖလားပြိုင်ပွဲတွင် မန်ယူအသင်းက စပါးအသင်းကို အနိုင်ရ

နိုင်ငံတကာ ချန်ပီယံများဖလားပြိုင်ပွဲမှာ မန်ယူအသင်းက စပါးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

စပါးအသင်းနဲ့ မန်ယူအသင်းတို့ရဲ့ပွဲစဉ်မှာ စပါးအသင်းဟာ ပါရှော့၊ ဟယ်ရီကိန်း၊ ဆစ်ဆိုကို၊ ဟယ်ရီဝင့်ခ်၊ အလီ၊ အင်န်ဒွန်ဘီလီ၊ ဗာတွန်ဂန် စတဲ့ကစားသမားတွေကို ပွဲထွက်ကစားသမားတွေအဖြစ် အသုံးပြုလာခဲ့ပြီး မန်ယူအသင်းကတော့ မာရှယ်လ်၊ ဂျိမ်းစ်၊ တွန်မီနေး၊ ပါရဲရား၊ ပေါ့ဘာ၊ ဂရင်းဝုဒ်၊ အက်ရှ်လေယန်း၊ ရိုဂျို၊ စမောလင်း၊ ဘစ်ဆာကာ စတဲ့ကစားသမားတွေကို ပွဲထွက်ကစားသမားတွေအဖြစ် အသုံးပြုလာခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ မန်ယူအသင်းအတွက် အဖွင့်ဂိုးကို ပွဲကစားချိန် ၂၁ မိနစ်မှာ တိုက်စစ်မှူး မာရှယ်လ်က သွင်းယူပေးခဲ့ပြီး စပါးအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ လူစားဝင်ကစားသမား လူးကတ်မိုရာက ပွဲကစားချိန် ၆၆ မိနစ်မှာ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ မန်ယူအသင်းအတွက် အနိုင်ဂိုးကိုတော့ ပွဲကစားချိန် မိနစ် ၈၀ မှာ ဂိုမက်စ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။



# ထိုင်းအစိုးရအဖွဲ့သစ်၏ ဦးစားပေးလုပ်ငန်းစဉ်များအား ဖွင့်ဟပြောကြား

**ဗန်ကောက် ဇူလိုင် ၂၅**
ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာက ၎င်းတို့အစိုးရအဖွဲ့သစ်၏ ပထမဦးစားပေးလုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ယနေ့ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် ချန်အိုချာသည် ဇူလိုင် ၂၅ ရက်တွင် ပါလီမန်၌ မိန့်ခွန်းပြောကြားရာတွင် အစိုးရအဖွဲ့၏ ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ပြောကြားခဲ့ခြင်းဖြစ်သည်။

ပါလီမန်အတွင်း မိန့်ခွန်းပြောကြားမှုသည် သူ၏ အစိုးရအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ပထမဆုံးအကြိမ်ဖြစ်သည်။

အစိုးရအဖွဲ့အနေဖြင့် နိုင်ငံနှင့်ပြည်သူများ၏ အကျိုးစီးပွား ဖြစ်ထွန်းစေရေးအတွက် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရမည်ဖြစ်သည်ဟု ဝန်ကြီးချုပ်က ဆိုသည်။

ထို့ပြင် နိုင်ငံအတွင်း ဝင်ငွေရရှိမှု ကွာဟချက်များမရှိစေရန် ကြိုးပမ်းလုပ်ဆောင်ရမည့်အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလေးပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အရှေ့စီးပွားရေးစင်္ကြံစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ချန်အိုချာက ဆိုသည်။

ငါးနှစ်အကြာက နိုင်ငံ၏အခွင့်အာဏာကို ကာကွယ်ရေးတပ်ဖွဲ့က ထိန်းသိမ်းခဲ့သည်။ ယခုနှစ်ရွေးကောက်ပွဲကျင်းပပြီးနောက် ဗိုလ်ချုပ်ကြီးဟောင်း ဝန်ကြီးချုပ်ချန်အိုချာသည် အာဏာဆက်လက်တည်မြဲလျက်ရှိသည်။

သို့သော် သူ၏ပါတီ ၁၉ ခုဖြင့် ဖွဲ့စည်းထားသော ညွန့်ပေါင်းအဖွဲ့သည် အောက်လွှတ်တော်တွင် အရေအတွက် အနည်းငယ်သာရရှိထားသည့်အတွက် ဝန်ကြီးချုပ်ချန်အိုချာအနေဖြင့် နိုင်ငံရေးကြိုးတန်းပေါ်တွင် လမ်းလျှောက်နေရမည်ဖြစ်သည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ**



# တူနီးရှားသမ္မတ အက်စ်ဘ်စီ ကွယ်လွန်

**တူးနစ် ဇူလိုင် ၂၅**
မြောက်အာဖရိကဒေသ နိုင်ငံတစ်နိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်ခံရသည့် ခေါင်းဆောင်ဖြစ်သော တူနီးရှားနိုင်ငံသမ္မတ ဘေဂျီဆာအစ်အက်စ်ဘ်စီ (အသက် ၉၂ နှစ်)သည် ဇူလိုင် ၂၅ ရက်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း သမ္မတရုံးက ပြောကြားသည်။



အာရပ်နွေဦးအမည်ရှိ တော်လှန်ပုန်ကန်မှုဖြင့် တူနီးရှားနိုင်ငံအား ကာလကြာမြင့်စွာ သက်ဦးဆံပိုင်စနစ်ဖြင့် အုပ်စိုးခဲ့သော ဘင်အလီအား ရာထူးမှဖယ်ရှားခဲ့ပြီး သုံးနှစ်အကြာ ၂၀၁၄ ခုနှစ်တွင် အက်စ်ဘ်စီသည် တူနီးရှားနိုင်ငံ သမ္မတရာထူးတာဝန်ကို စတင်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၎င်းသည် ဗြိတိန်ဘုရင်မကြီး အဲလိဇဘက်ပြီးလျှင် အသက်အရွယ်အကြီးဆုံး နိုင်ငံအကြီးအကဲဖြစ်သည်။

တူနီးရှားသမ္မတသည် ဇွန်လနှောင်းပိုင်းက အပြင်းအထန် နာမကျန်းဖြစ်မှုကြောင့် ဆေးရုံတက်ကုသမှုခံယူနေရပြီး ဇူလိုင် ၂၅ ရက်တွင် အထူးကြပ်မတ်ကုသမှု ပြန်လည်ခံယူခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**

## အဇာဘိုင်ဂျန်လေတပ်မှ တိုက်လေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ် ကက်စပီယံပင်လယ်တွင်း ပျက်ကျ

**ဘာကူး ဇူလိုင် ၂၅**
အဇာဘိုင်ဂျန်နိုင်ငံလေတပ်မှ ဂျက်တိုက်လေယာဉ်တစ်စင်းသည် ကက်စပီယံပင်လယ်တွင်းသို့ ပျက်ကျခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၂၅ ရက်တွင် ပြောကြားသည်။

လေ့ကျင့်ပျံသန်းနေသည့် ဂျက်တိုက်လေယာဉ်တစ်စင်းသည် ကက်စပီယံပင်လယ်ပြင်အတွင်းရှိ အဇာဘိုင်ဂျန်နိုင်ငံ ရေပြင်ပိုင်နက်အတွင်းသို့ ပျက်ကျခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

အမ်အိုင်ဂျီ-၂၉ အမျိုးအစား ဂျက်တိုက်လေယာဉ်သည် ဇူလိုင် ၂၄ ရက်ညပိုင်း၌ လေ့ကျင့်ပျံသန်းနေစဉ် ရေဒါမြင်ကွင်းမှ ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်ဟု အဇာဘိုင်ဂျန်ကာကွယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

အဇာဘိုင်ဂျန်စစ်ဘက်တာဝန်ရှိသူများက ပျက်ကျသွားသည့် တိုက်လေယာဉ်မှ လေယာဉ်မှူးအား ရှာဖွေကယ်ဆယ်မှုများ စတင်လုပ်ဆောင်နေပြီး ယင်းလေယာဉ်ပျက်ကျမှုအား စုံစမ်းစစ်ဆေးရန်အတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို ကာကွယ်ရေးဝန်ကြီး ဇာကီဟာ ဟာဆာနောင်က ဖွဲ့စည်းပေးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံ၏အထောက်အပံ့ဖြင့် မလေးရှားနိုင်ငံတွင် ဖောက်လုပ်မည့် ရထားလမ်းတည်ဆောက်ရေးလုပ်ငန်း ပြန်လည်စတင်

**ကွာလာလမ်ပူ ဇူလိုင် ၂၅**
မလေးရှားနိုင်ငံတွင် တရုတ်နိုင်ငံ၏အထောက်အပံ့ဖြင့် တည်ဆောက်မည့် အဓိကကျသော ရထားလမ်းတည်ဆောက်မှု စီမံကိန်းတစ်ခုအား တစ်နှစ်ကြာ ဆိုင်းငံ့ထားခဲ့ပြီးနောက် ယင်းရထားလမ်းတည်ဆောက်မှု ကုန်ကျစရိတ်အားလုံး၏ သုံးပုံတစ်ပုံကို ဖြတ်တောက်ရန် သဘောတူညီချက်ရရှိပြီး တည်ဆောက်ရေးလုပ်ငန်းကို ဇူလိုင် ၂၅ ရက်တွင် ပြန်လည်စတင်ခဲ့ကြောင်း သိရသည်။

မလေးရှားနိုင်ငံ အရှေ့ဘက်ကမ်းခြေဒေသရှိ ဒွန်ဂန်မြို့တွင် ဇူလိုင် ၂၅ ရက်က ကျင်းပသည့် ယင်းရထားလမ်းတည်ဆောက်မှု စီမံကိန်းပြန်လည်စတင်သည့် အခမ်းအနားသို့ မလေးရှားနှင့် တရုတ်အစိုးရတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မလေးရှားကျွန်းဆွယ်၏ အရှေ့ပိုင်းနှင့် အနောက်ပိုင်းကို ဆက်သွယ်မည့် ရထားလမ်းတည်ဆောက်မှုလုပ်ငန်းကို ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံ၏ အထောက်အပံ့ဖြင့် တည်ဆောက်သည့် ယင်းရထားလမ်းစီမံကိန်းသည် တရုတ်နိုင်ငံက အကောင်အထည်ဖော်နေသည့် ရပ်ဝန်းနှင့် ပိုးလမ်းမအစီအစဉ်အတွက် အရေးပါသည့် အခြေခံအဆောက်အအုံတည်ဆောက်ရေး စီမံချက်လည်း ဖြစ်သည်။

ယင်းရထားလမ်း တည်ဆောက်ရေးအတွက် ကုန်ကျစရိတ်များပြားလွန်းကြောင်း ဝေဖန်ပြောကြားပြီး မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်က စီမံကိန်းကို လွန်ခဲ့သည့်နှစ်က ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။




ရထားလမ်းတည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက်ပြီး မလေးရှားနှင့် တရုတ် နှစ်နိုင်ငံအကြား လများအတန်ကြာ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် တည်ဆောက်ရေးလုပ်ငန်းများ ပြန်လည်စတင်ရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။

ယင်းရထားလမ်း တည်ဆောက်ရေးစီမံကိန်းမှ အလုပ်အကိုင်နေရာ ၅၀၀၀ ပေါ်ထွန်းစေမည်ဖြစ်ပြီး မျိုးဆက်သစ် မလေးလူငယ်များအား ရထားစက်မှုလုပ်ငန်းတွင် အတွေ့အကြုံများရရှိစေနိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း မလေးရှားသယ်ယူပို့ဆောင်ရေးဝန်ကြီး အန်မိုနီလိုကီဆီယူးဖော့စ်က ရထားလမ်းပြန်လည်တည်ဆောက်မှုစတင်သည့် အခမ်းအနားတွင် ပြောကြားသည်။

အရှေ့ပိုင်းကမ်းခြေနှင့် ဆက်သွယ်မည့် ရထားလမ်းတည်ဆောက်မှုသည် ၂၀၂၆ ခုနှစ်အကုန်တွင် ပြီးစီးမည်ဟု မျှော်မှန်းထားသည်။ **အင်န်အိတ်ချ်ကေ**

# မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်နှစ်စင်း ပစ်လွှတ်

**ဆိုးလ် ဇူလိုင် ၂၅**

မြောက်ကိုရီးယားနိုင်ငံသည် အမျိုးအမည် မသိရသော ဒုံးကျည်နှစ်စင်းကို ယနေ့အစောပိုင်းက ပစ်ခတ်ခဲ့ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့က ပြောကြားသည်။

မြောက်ကိုရီးယားသည် အဆိုပါ ဒုံးကျည်နှစ်စင်းကို နိုင်ငံ၏ အရှေ့ဘက် ကမ်းရိုးတန်းမြို့ဖြစ်သည့် ဝန်ဆန်မြို့အနီးတွင် ဒေသစံတော်ချိန် နံနက် ၅ နာရီ ၃၄ မိနစ်နှင့် နံနက် ၅ နာရီ ၅၇ မိနစ်တွင် အသီးသီး ပစ်လွှတ်ခဲ့ခြင်းဖြစ်ပြီး အမြင့် ကီလိုမီတာ ၅၀ ခန့်ဖြင့် ပျံသန်းကာ ကီလိုမီတာ ၄၃၀ ခန့် ဝေးကွာသော အရှေ့ရေပြင်ထဲသို့ ရောက်ရှိခဲ့ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့က ပြောကြားသည်။

မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်ခတ်မှုနှင့်ပတ်သက်၍ တောင်ကိုရီးယားနှင့် အမေရိကန် စစ်ဘက်အာဏာပိုင်များသည် မြောက်ကိုရီးယားက ပစ်ခတ်ခဲ့သည့် ဒုံးကျည်များ၏ အမျိုးအမည်ကို ဆန်းစစ်လေ့လာလျက်ရှိကြောင်း သိရသည်။ ယခု မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်ခတ်မှုသည် ပြီးခဲ့သည့် မေ ၉ ရက်က ဒုံးကျည်နှစ်စင်း ပစ်ခတ်ခဲ့ပြီးနောက် ပထမအကြိမ် ပစ်ခတ်မှု ဖြစ်သည်။ မေလက ပစ်ခတ်သည့် ဒုံးကျည်များသည် ကီလိုမီတာ ၄၂၀ နှင့် ကီလိုမီတာ ၂၇၀ အသီးသီး ရောက်ရှိခဲ့ကာ တာတိုပစ် ဒုံးကျည်များ ဖြစ်ဖွယ်ရှိသည်။




မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်ပစ်လွှတ်မှုကို ရုပ်မြင်သံကြားမှ ကြည့်ရှုနေကြသူများကို တွေ့ရစဉ်။

မြောက်ကိုရီးယားနိုင်ငံသည် လာမည့်လတွင် ပြုလုပ်ရန် စီစဉ်ထားသော တောင်ကိုရီးယားနှင့် အမေရိကန်တို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဆန့်ကျင်ကန့်ကွက်သည့် အနေဖြင့် ဒုံးကျည်များကို ပစ်ခတ်ဖွယ်ရှိသည်ဟု တောင်ကိုရီးယား ထောက်လှမ်းရေးအဖွဲ့က ရှုမြင်သုံးသပ်ခဲ့သည်။ ထို့အပြင် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက အကယ်၍ တောင်ကိုရီးယားနှင့်အမေရိကန်ပြည်ထောင်စုတို့၏ စစ်ရေးလေ့ကျင့်မှု ဖြစ်ပေါ်လာပါက မြောက်ကိုရီးယားအစိုးရသည် အမေရိကန်နှင့် ဆွေးနွေးပွဲကို အဆုံးသတ်ကောင်း သတ်နိုင်သည်ဟု ပြီးခဲ့သည့်သီတင်းပတ်က သတိပေးလိုက်သည်။

ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ တောင်ကိုရီးယား အထူးကိုယ်စားလှယ် လီဒိုဟွန်းသည် မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်ခတ်မှုနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ရန်နှင့် ဆန်းစစ်လေ့လာရန်အတွက် မြောက်ကိုရီးယားဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် စတီဗင်ဘီဂန်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှနှင့် သမုဒ္ဒရာဒေသရေးရာ ညွှန်ကြားရေးမှူးချုပ် ကင်ဂျီကာနာဆူဂီတို့နှင့်အတူ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ဗြိတိန်ဝန်ကြီးချုပ်သစ် ဂျွန်ဆင်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် တရုတ် ကတိကဝတ်ပြု

**ပေကျင်း ဇူလိုင် ၂၅**

တရုတ်နိုင်ငံသည် ဗြိတိန်နှင့် တရုတ်နိုင်ငံတို့အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကိုထပ်ပြီး တိုးမြှင့်ရန် ယနေ့ ကတိကဝတ်ပြုလိုက်သည်။

ဇူလိုင် ၂၄ ရက်တွင် ဗြိတိန်ဝန်ကြီးချုပ်အဖြစ် တာဝန်စတင်ထမ်းဆောင်ခဲ့သည့် ဘောရစ်ဂျွန်ဆင်က ဗြိတိန်အစိုးရသည် တရုတ်နိုင်ငံကို အမှန်တကယ် ထောက်ခံအားပေးသွားမည်ဟု ဟောင်ကောင်အခြေစိုက် ရုပ်သံလွှင့်ဌာနတစ်ခုနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားခဲ့ပြီးနောက် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချွန်ယင်က ယခုကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းကို အလွန်ပင် စိတ်ဝင်စားပါသည်ဟု ဂျွန်ဆင်က တွေ့ဆုံမေးမြန်းခန်းတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့အပြင် ဂျွန်ဆင်သည် တရုတ်ရင်းနှီးမြှုပ်နှံမှုများအတွက် ဗြိတိန်နိုင်ငံအား ဥရောပတွင် အလွတ်လပ်ဆုံး စီးပွားရေးနိုင်ငံအဖြစ် ထိန်းသိမ်းသွားရန် ကတိကဝတ်ပြုလိုက်ပြီး ဗြိတိန်နိုင်ငံအနေဖြင့် တရုတ်ကျောင်းသားများအား လက်ခံကြိုဆိုမည့်အကြောင်းကို ဖွင့်ဟပြောဆိုခဲ့သည်။

တရုတ်ဝန်ကြီးချုပ် လီခချန်းသည် ဗြိတိန်ဝန်ကြီးချုပ် ဂျွန်ဆင်အား ဇူလိုင် ၂၄ ရက်က သဝဏ်လွှာတစ်စောင် ပေးပို့ခဲ့ပြီးဖြစ်ရာ တရုတ်နိုင်ငံသည် ဗြိတိန်နိုင်ငံနှင့် ဆက်ဆံရေးကို တန်ဖိုးထားပါကြောင်း ဟွာက အလေးထားပြောကြားခဲ့သည်။

နှစ်နိုင်ငံအကြား တည်တံ့ခိုင်မြဲပြီး ကောင်းမွန်သော ဆက်ဆံရေးရရှိနိုင်ရန် အလို့ငှာ လူလူချင်းလဲလှယ်မှု တိုးမြှင့်ရေးနှင့် ရပ်ဝန်းနှင့် ပိုးလမ်းမတည်ဆောက်ရေး စီမံကိန်း အပါအဝင် နယ်ပယ်အသီးသီး၌ ဗြိတိန်နိုင်ငံနှင့် လက်တွေ့ကျသော ပူးပေါင်း ဆောင်ရွက်မှုနှင့် နိုင်ငံရေးဆိုင်ရာ အပြန်အလှန် ယုံကြည်ကိုးစားမှုကို တိုးမြှင့်ရန် တရုတ်နိုင်ငံအနေဖြင့် အဆင်သင့်ရှိကြောင်း ဟွာက ထပ်မံပြောကြားခဲ့သည်။




ထို့အပြင် ဟွာသည် လွတ်လပ်သော ကုန်သွယ်မှု ကာကွယ်စောင့်ရှောက်ရေးနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများ တိုက်ဖျက်ရေး နယ်ပယ်တွင် ဗြိတိန်နိုင်ငံနှင့် လက်ချင်းဆက်ပြီး လျှောက်လှမ်းကြရန် တိုက်တွန်းလိုက်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် -ဂျေတီ**

■

# ဗီယက်နမ်အလယ်ပိုင်း ပြည်နယ်များ မိုးခေါင်မှု ကြုံတွေ့နေရ

**ဟနွိုင်း ဇူလိုင် ၂၅**

ဗီယက်နမ်နိုင်ငံအလယ်ပိုင်းရှိ သီးနှံစိုက်ခင်းဟက်တာ ၆၅၅၀၀ မှာ မိုးခေါင်မှုဒဏ်ခံရမည်ဖြစ်ပြီး အိမ်ထောင်စု ၁၃၈၈၀၀ မှာ ရေရှားပါးမှုကြုံတွေ့ရမည်ဟု နေ့စဉ်ထုတ် Vietnam News က ယနေ့ ရေးသားဖော်ပြလိုက်သည်။

ရေသိုလှောင်ကန်များ တည်ဆောက်ရန် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းပြည်နယ်များရှိ အိမ်ထောင်စုများကို ကျေးလက်ရေပေးဝေရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး အမျိုးသားဌာနက ထောက်ပံ့ပေးမည်ဖြစ်သည်။ ရှိရင်းစွဲစပါးပင်များနေရာတွင် မိုးခေါင်မှုဒဏ်ခံနိုင်သည့် သီးနှံပင်များ အစားထိုးစိုက်ပျိုးရန် ဗီယက်နမ် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက သီးနှံထုတ်လုပ်ရေးဦးစီးဌာနသို့ တိုက်တွန်းခဲ့သည်။ မိုးခေါင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို ဆင်ခြင်သုံးသပ်ရန် ဗီယက်နမ်နိုင်ငံအလယ်ပိုင်းရှိ မိုးခေါင်မှုဖြစ်ပွားရာနေရာမြေပုံထုတ်ရန် အဆိုပါဝန်ကြီးဌာနက ရေအရင်းအမြစ် ညွှန်ကြားမှုဦးစီးဌာနသို့ မေးမြန်းခဲ့သည်။ ယခုနှစ် ပထမခြောက်လအတွင်း သဘာဝဘေးအန္တရာယ်များကြောင့် ဗီယက်နမ်နိုင်ငံ၌ လူ ၂၉ ဦး သေဆုံး သို့မဟုတ် ပျောက်ဆုံးခဲ့ကြောင်း အထွေထွေစာရင်းအင်းရုံး၏ ဖော်ပြချက်အရ သိရသည်။

၂၀၁၈ ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံ၌ ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြောင့် လူ ၂၂၄ ဦး သေဆုံး သို့မဟုတ် ပျောက်ဆုံးခဲ့ပြီး စီးပွားရေးအရ ဗီယက်နမ်ဒေါင် ၂၀ ထရီလီယံ (အမေရိကန်ဒေါ်လာ ၈၆၉ သန်းကျော်) ဆုံးရှုံးခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**




# လာမည့်လေးနှစ်အတွင်း သစ်ပင်လေးသန်း ဖီဂျီနိုင်ငံ၌ စိုက်ပျိုးမည်

**ဆူဗာ ဇူလိုင် ၂၅**

လာမည့်ငါးနှစ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုက် တန်ချိန် ၂ ဒသမ ၅ သန်း လျှော့ချရန်အတွက် ဖီဂျီနိုင်ငံသည် သစ်ပင်များ ပိုမိုစိုက်ပျိုးရန် လိုအပ်ကြောင်း ဖီဂျီအဆင့်မြင့် အရာရှိတစ်ဦးက ကြာသပတေးနေ့က ပြောကြားသည်။

ဖီဂျီနိုင်ငံ မြို့တော် ဆူဗာမြို့တွင် ကြာသပတေးနေ့က ကျင်းပသည့် ပစိဖိတ်ဒေသ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းခေါင်းဆောင်များ၏ အစည်းအဝေးတွင် ဖီဂျီနိုင်ငံ သစ်တောဌာန အမြဲတမ်းအတွင်းဝန် ပီနေးဘာလီနာဘူလီက ဖီဂျီနိုင်ငံသည် လာမည့်လေးနှစ်အတွင်း သစ်ပင် လေးသန်းစိုက်ပျိုးရန် ရည်မှန်းထားကြောင်း၊ သစ်ပင်စိုက်ခြင်းသည် ဖီဂျီနိုင်ငံသားများ၏ အမြဲတည်တံ့သည့် နေ့စဉ်ဘဝ အစိတ်အပိုင်းတစ်ခု ဖြစ်လာအောင် လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အမြဲတမ်းအတွင်းဝန် ပီနေးဘာလီနာဘူလီက မွေးနေ့ပွဲများ၊ အသုဘအခမ်းအနားများ၊ ဘွဲ့ယူသည့် အခမ်းအနားများနှင့် အခြားအရေးပါသော ပွဲများကဲ့သို့ အောက်မေ့ဖွယ်ရာပွဲများတွင် သစ်ပင်စိုက်ကြရန်နှင့် သစ်ပင်လေးသန်း စိုက်ပျိုးမည့်စီမံကိန်းတွင် ပါဝင်ကြရန် ဖီဂျီပြည်သူများအား တိုက်တွန်းပြောကြားခဲ့သည်။

ဖီဂျီနိုင်ငံသည် ဆယ်စုနှစ်များစွာ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်လျက်ရှိပြီး နိုင်ငံ၏ တောင်တန်းများနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန်အတွက် သစ်ပင်လေးသန်းစိုက်ပျိုးမည့် စီမံကိန်းတွင် မဟော်ဂနီပင်၊ ထင်းရှူးပင်၊ သစ်သီးပင်နှင့် အခြားသော သစ်ပင်အမျိုးအစားများကို စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန် - အောင်ဇော်လင်း**

# ကျောက်တံတားမြို့နယ် ဗဟိုစာတိုက်ကြီး၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဗဟိုစာတိုက်ကြီး ပြည်ပစာပို့လုပ်ငန်းဌာနသို့ ပေးပို့သော ပါဆယ်ထုပ်မှ ငွေကျပ် သိန်းတစ်ရာကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ကျောက်တံတားမြို့နယ် ဗဟိုစာတိုက်ကြီး ပြည်ပစာပို့လုပ်ငန်းဌာနသို့ ပေးပို့လိပ်စာ Jay Den, Ring Hof 17, 5214 AD, Tilburg, Netherlands နှင့် လက်ခံလိပ်စာ Aung Thura, Orchid Condo, Ahlone Yangon, Myanmar ဖြင့် ရောက်ရှိလာသောပါဆယ်ထုပ်အား ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် အမျိုးသားတစ်ဦးက အောင်သူရ(ဘ) ဦးဖေသိန်းအမည်ပါ မှတ်ပုံတင်မိတ္တူ တစ်ခုပြ၍ လာရောက်ထုတ်ယူစဉ် စာတိုက်တာဝန်ရှိသူက နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကိုသာ ပြသနိုင်မှုအပေါ် မသင်္ကာ၍ ၎င်း၏ရှေ့၌ ပါဆယ်ထုပ်အား ဖွင့်ဖောက်စစ်ဆေးရန် ပြောကြားဆောင်ရွက်စဉ် လာရွေးသူမှာ ပါဆယ်ထုပ်နှင့် မှတ်ပုံတင်မိတ္တူအား ယူဆောင်ခြင်းမပြုတော့ဘဲ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း။

ဗဟိုစာတိုက်ကြီးမှ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ ဆက်သွယ်အကြောင်းကြားခဲ့ပြီး ပူးပေါင်းအဖွဲ့ဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ပါဆယ်ထုပ်အတွင်းမှ ပလတ်စတစ်အိတ်များဖြင့် စနစ်တကျထုပ်ပိုးထားသည့် ကတ်တမင်း ၉၅ ဂရမ်၊ ကိုကင်း ဂရမ် ၄၀၊ Ecstasy ဆေးပြား ၉၆ ပြား (စုစုပေါင်း တန်ဖိုးငွေကျပ် သိန်းတစ်ရာကျော်)အား သိမ်းဆည်းရမိခဲ့သဖြင့် ကျောက်တံတားမြို့မရဲစခန်းက မူးယစ်(ပ)၉/၂၀၁၉၊ မူးယစ်ဆေးဝါးနှင့်




စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)/၂၀(ခ) ဖြင့် အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပူတာအိုခ၌ ဇူလိုင်လအတွင်း သဘာဝဘေးကြောင့် တန်ဖိုးငွေကျပ် သိန်း ၄၀၀ ကျော် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်

**ပူတာအို ဇူလိုင် ၂၅**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ မြို့နယ်များတွင် ဇူလိုင် ၅ ရက်မှ ၁၇ ရက်အတွင်း သဘာဝဘေးများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကာ ဆုံးရှုံးမှုတန်ဖိုးငွေကျပ် သိန်း ၄၀၀ ကျော်ပျက်စီးခဲ့ကြောင်း ပူတာအိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စာရင်းပြုစုချက်များအရ သိရသည်။

ပူတာအိုခရိုင်တွင် ဇူလိုင်လက မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် ပူတာအိုမြို့နယ်တွင် တန်ဂျာတံတားချဉ်းကပ်လမ်း ရေတိုက်စားခြင်း၊ ပန်းလှိုင်-ပူတောင်းလမ်းချဉ်းကပ်လမ်းနှစ်ဖက်မြေကျွံကျခြင်း၊ လယ်မယ်ဝါဂျီ-ထူးဆန်းလမ်းချဉ်းကပ်ခိုပဲ့ကျခြင်း၊ နောင်မွန်းမြို့နယ်တွင် လုံးခါးကြိုးတံတားမျောပါခြင်း၊ ရနမ်ချောင်းဘေးရှိ လူနေအိမ်နှစ်လုံးပျက်စီးခြင်း၊ ဘဘော့ကျေးရွာတွင် လူနေအိမ်နှစ်လုံးပျက်စီးခြင်း၊ ဆွမ်ပရာဘွမ်မြို့နယ်တွင် ဖုန်ကျန်းကျေးရွာ ကမ်းပါးပြိုကျ၍ လူနေအိမ်တစ်လုံးပျက်စီးခြင်း၊ ကွန်ကရစ်လှေကားပေ(၁၈၀ × ၃)ပျက်စီးခြင်းနှင့် ခေါင်လန်ဖူးမြို့နယ်တွင် တံတားများ ရေကြီးရာ၌ မျောပါခြင်း၊ တောင်မြေပြိုကျ၍ လမ်းပျက်စီးခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဆန်းညွန့်(ပူတာအို)**

# မံစီ၊ မောင်တောနှင့် ကျိုင်းတုံမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၅**

မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၄ ရက် ညနေ ၃ နာရီခွဲက မံစီမြို့နယ် မံသာကျေးရွာအထွက် မံသာ-သံတံတားကျေးရွာလမ်းတွင် ကျော်ခိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅၅၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

**မောင်တော**

အလားတူ ယင်းနေ့နံနက် ၇ နာရီခွဲက မောင်တောခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် မြို့မကညင်တန်းကျေးရွာအုပ်စု ကညင်တန်းကျေးရွာရှိ မာမောက်အာယုပ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၅ ပြားအား လည်းကောင်း၊ အလားတူ မောင်တောမြို့နယ် ကျောက်လှေကားကျေးရွာ၏ အရှေ့ဘက်ရှိ မင်္ဂလာကြီးချောင်းစပ်အနီးတွင် ပုစွန်ကန်ပေါင်လမ်းအတိုင်း



ကျော်ခိုင်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

လမ်းလျှောက်လာသူ ဇီရာမန်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

**ကျိုင်းတုံ**

ထို့အတူ နံနက် ၁၁ နာရီ ၅၅ မိနစ်က လေကြောင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့ရှိ ကျိုင်းတုံလေဆိပ်၌ ကျိုင်းတုံမှ ဟဲဟိုးသို့ မြန်မာအမျိုးသား လေကြောင်းလိုင်းဖြင့် လိုက်ပါမည့် ဂျပန်နိုင်ငံသား Mr. Namba Tsukasa ၏ ခရီးဆောင်အိတ်အား X-Ray စက် ဖြတ်သန်းစဉ် မသင်္ကာဖွယ်ပုံရိပ်တွေ့ရှိ၍ စစ်ဆေးရာ Nitrazepam စာတန်းပါ အနီရောင်ဆေးပြား ၆၉၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရေနံချောင်းမြို့နယ်တွင် စက်လှေတိမ်းမှောက်မှုကြောင့် သေဆုံးသူ ၂၄ ဦးအထိရှိလာ

**ရေနံချောင်း ဇူလိုင် ၂၅**

ရေနံချောင်းမြို့နယ်တွင် မြေနုကျွန်းအငြင်းပွားသည့်ကိစ္စဖြင့် စက်လှေတိမ်းမှောက်မှုကြောင့် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခဲ့ရာ ယနေ့ညနေ ၆ နာရီအထိ စုစုပေါင်း ၂၄ ဦး၏ အလောင်းကို ရှာဖွေတွေ့ရှိထားကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းနိုင်ဦးက ပြောသည်။

ရေနံချောင်းမြို့ လက်မှတ်ကုန်းနယ်မြေရဲစခန်းက အဆိုပါ ရေနစ်သေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအရ သေဆုံးခြင်း ဟုတ်၊ မဟုတ် သေမှုသေခင်းရေးဖွင့်ထားကြောင်း ရဲစခန်းမှ သိရသည်။

**ကိုစိုးကြီး၊ ဆန်းညွန့်**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၄ ရက်တွင် မန္တလေး -မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၃၃၀၊ သွင်းကုန် ၂၅၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် သွင်းကုန် ၁၂၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၄ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ဝ၅၂ သန်းတန်ဖိုးရှိ လျှပ်စစ်ပစ္စည်းများနှင့်




စားသောက်ကုန်များကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ခတ်ဆီဆိုင်တွင် ဆီထည့်နေသူများကို ၂၂ ဘီးယာဉ် တိုက်မိရာမှ တစ်ဦးသေ၊ နှစ်ဦး ဒဏ်ရာရ

**ဖြူး ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး ညောင်ပင်သာမြို့တွင် ဇူလိုင် ၂၅ ရက် ညနေ ၄ နာရီခန့်က လမ်းကြားအတွင်းမှ ထွက်လာသည့် ဆိုင်ကယ်ကို ရှောင်တိမ်းသည့် ၂၂ ဘီးယာဉ်မှာ အရှိန်လွန်၍ ကားလမ်းအရှေ့ဘက် စက်သုံးဆီဆိုင်တွင် ဆိုင်ကယ်ဆီထည့်နေသည့် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားနှစ်ဦးတို့အား ဝင်ရောက်တိုက်မိခဲ့ပြီး ခတ်တိုင်နှင့် သစ်ပင်တို့ကို ထပ်မံတိုက်မိခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ ညောင်ပင်သာ နယ်မြေရဲစခန်းမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း တောင်မှ မြောက်သို့ ဝင်းမျိုးနိုင်ခင်တိုကျေးရွာ ကျောက်တံခါးမြို့နယ်နေသူမောင်းနှင်လာသည့် ၂၂ ဘီးယာဉ်သည် မိုင်တိုင် ၁၂၀/၇ နှင့် ၁၂၁/၀ အကြား အခင်းဖြစ်သည့် နေရာအရောက် ကားလမ်းအနောက်ဘက်လမ်းကြားမှ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရုတ်တရက်ရှောင်တိမ်းစဉ် ကားလမ်းအရှေ့ဘက်သို့ အရှိန်လွန်ရောက်ရှိသွားကာ စက်သုံးဆီဆိုင်တွင် ဆီထည့်နေသည့် ဆိုင်ကယ်တစ်စီး၊ ဦးကျော်စွာလင်း ပဲခူးလမ်းမြောက်ပိုင်း ညောင်ပင်သာမြို့ ရဲမိုးဇက် မော်ယောကြီးဆင်စခန်း ကျောက်တံခါးမြို့နယ်နှင့် ဒေါ်နော်ဖောမူ မော်ယောကြီးဆင်စခန်း ကျောက်တံခါးမြို့နေသူတို့ သုံးဦးအား ဝင်တိုက်မိခဲ့ပြီး ခတ်မီးတိုင်နှင့် သစ်ပင်တို့အား ဆက်လက်တိုက်မိကာ ရပ်တန့်သွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဦးကျော်စွာလင်းနှင့် ရဲမိုးဇက်တို့တွင် ဒဏ်ရာများ(စိုးရိမ်ရ)ရရှိပြီး ဒေါ်နော်ဖောမူမှာ ရရှိသောဒဏ်ရာများဖြင့် ဆေးရုံသို့တင်ပို့စဉ် လမ်းတွင် သေဆုံးသွားခဲ့၍ ယာဉ်မောင်း ဝင်းမျိုးနိုင်အား ညောင်ပင်သာ နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဘိုကလေးမြို့နယ်တွင် ချောင်းအတွင်း လူသေအလောင်းတွေ့ရှိ

**ဘိုကလေး ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ထော်ပိုင်ကျေးရွာအုပ်စု ထော်ပိုင်(ရွှေပြည်အေး)ကျေးရွာ ချောင်းအတွင်း ယနေ့နံနက် ၇ နာရီတွင် အမျိုးသား လူသေအလောင်းတစ်လောင်း တွေ့ရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာမှ စုံစမ်းရာတွင် သေဆုံးသူမှာ မြောင်းမြမြို့ ရေယာဉ်တစ်စင်းမှ သင်္ဘောသား ဦးသောင်းထွဋ် ဖြစ်ကြောင်း၊ ဇူလိုင် ၂၃ ရက် နံနက် ၆ နာရီခွဲတွင် ထော်ပိုင်ကျေးရွာအနီး ရေယာဉ် ရပ်နားပြီး စောင့်ဆိုင်းနေချိန် ရေထဲကြိုးချည်ဆင်းရာ ပြန်တက်မလာခဲ့ကြောင်း သိရ၍ သက်ဆိုင်သူများအား စက်ဆန်းနယ်မြေရဲစခန်းမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးစက် (ဘိုကလေး)**

# ခနောင်ဖြူတွင် နေအိမ်တစ်လုံးမီးလောင်

**ခနောင်ဖြူ ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ခနောင်ဖြူမြို့နယ် တင်းကုတ်စုကျေးရွာတွင် ဇူလိုင် ၂၄ ရက် ည ၁၁ နာရီခွဲခန့်က နေအိမ်တစ်လုံး မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ခနောင်ဖြူမြို့နယ် တင်းကုတ်စုကျေးရွာနေ ဇော်မင်းလွင်၏ နေအိမ်မီးဖို မီးကြွင်းမီးကျန်မှ တစ်ဆင့် ထရံသို့ မီးကူးစက်လောင်ကျွမ်းရာ သွပ်မိုး၊ ထရံကာ၊ ကွန်ကရစ်ခင်း နေအိမ်တစ်လုံး ပျက်စီးဆုံးရှုံးခဲ့သည်။ မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။ **အောင်သူဟိဏ်း(ခနောင်ဖြူ)**

**မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ် လူသစ်
ဘဝသစ်**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# ဖွဲ့စည်းပုံအခြေခံဥပဒေကပြောသောနိုင်ငံသားများနှင့် နိုင်ငံသားစိတ်ဓာတ်



မောင်စာဂ

တိုင်းရင်းသားနှင့်နိုင်ငံသား၊ တိုင်းရင်းသားဆိုသည်မှာ အဘယ်နည်း။ နိုင်ငံသားဆိုသည်မှာ အဘယ်နည်း။ နိုင်ငံသားသည် တိုင်းရင်းသားဖြစ်နိုင်သလား။ တိုင်းရင်းသားနှင့် နိုင်ငံသားအခွင့်အရေး ရရှိပုံ၊ တာဝန်ရှိပုံ တူတူညီညီရှိပါသလား။ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် တည်ဆဲနိုင်ငံသားဥပဒေများကို လေ့လာ စောကြောမိသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ**

၁၉၄၇ ခုနှစ် မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ပထမဦးဆုံး အခြေခံဥပဒေဖြစ်သည်။ ယင်းဥပဒေ၏ ပုဒ်မ ၁၀ တွင် နိုင်ငံသားဖြစ်မှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နိုင်ငံသားဟူ၍ တစ်မျိုးတည်းသာရှိရမည်။ ဆိုလိုရင်းမှာ ပြည်ထောင်စုအဖွဲ့ဝင်များ၏ နိုင်ငံသားဟူ၍ အသီးအခြားမရှိရ။ ပြည်ထောင်စု နိုင်ငံသားဟူ၍သာ ရှိရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

မည်သူများသည် နိုင်ငံသားဖြစ်ကြောင်း ပုဒ်မ ၁၁ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည် -

(က) မြန်မာနိုင်ငံ တိုင်းရင်းသားတစ်မျိုးမျိုးတွင် ဖြစ်သော သို့တည်းမဟုတ် ဖြစ်ခဲ့သော မိဘနှစ်ပါးမှ မွေးဖွားသူများသည်လည်းကောင်း၊

(ခ) မြန်မာနိုင်ငံ တိုင်းရင်းသားတစ်မျိုးမျိုးတွင် ဖြစ်သော သို့တည်းမဟုတ် ဖြစ်ခဲ့သော ဘိုးဘွားများအနက် အနည်းဆုံးတစ်ဦးမှ ပြည်ထောင်စုနိုင်ငံတွင် ပါဝင်လတ္တံ့သော အာဏာပိုင်နက်အတွင်း၌ မွေးဖွားသူတိုင်းသည်လည်းကောင်း၊

(ဂ) ပြည်ထောင်စုနိုင်ငံ၏ နိုင်ငံသားဖြစ်သော သို့တည်းမဟုတ် ဤအခြေခံဥပဒေ စတင်အာဏာတည်သောနေ့တွင် အသက်ရှင်နေသည်ဖြစ်ပါက တိုင်းရင်းသားအဖြစ်ကို ရယူခွင့်ရှိသော မိဘနှစ်ပါးမှ ပြည်ထောင်စုနိုင်ငံတွင် ပါဝင်လတ္တံ့သော အာဏာပိုင်နက်အတွင်း၌ မွေးဖွားသူတိုင်းသည်လည်းကောင်း၊

(ဃ) ဗြိတိသျှဘုရင်၏ အာဏာပြန့်ရာ နယ်မြေတစ်ခုခုတွင် မွေးဖွားခဲ့သည်ဖြစ်၍ ဤအခြေခံဥပဒေ စတင်အာဏာတည်သည့်နေ့မှအထက် သို့တည်းမဟုတ် ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှအထက် အခြားမဲ့သောဆယ်နှစ်အတွင်း ရှစ်နှစ်အောက်မယုတ်သော ကာလအဖို့ ပြည်ထောင်စုနိုင်ငံတွင် ပါဝင်လတ္တံ့သော အာဏာပိုင်နက်အတွင်း၌ နေထိုင်ခဲ့ဖူးပြီးလျှင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင် ထာဝစဉ်နေထိုင်ရန်ကြံရွယ်ခဲ့သည်ဖြစ်၍ ထို့အပြင် တရားဥပဒေဖြင့် သတ်မှတ်သော အချိန်အတွင်းတွင် ထိုသို့သတ်မှတ်သောနည်းလမ်းနှင့် အညီ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် ရွေးချယ်ခြင်းကို ထုတ်ဖော်သူတိုင်းသည် လည်းကောင်း ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံသားဖြစ်ရမည်။

**၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ**

၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ဒုတိယမြောက် အခြေခံဥပဒေဖြစ်သည်။ ယင်း ဥပဒေပုဒ်မ ၁၄၅ တွင် နိုင်ငံသားဖြစ်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

(က) ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၏တိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူအားလုံးသည် နိုင်ငံသားဖြစ်သည်၊

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများသည်လည်း နိုင်ငံသားများဖြစ်သည်။

> **တစ်ဦးနှင့်  တစ်ဦး အပြန်အလှန် နားလည်မှု၊ အလေးထားမှု၊ ရိုသေလေးစားမှု၊ ချစ်ခင်ကြင်နာမှု၊ ရိုင်းပင်းကူညီမှုတို့ဖြင့် မည်သည့် နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် အစဉ်ထာဝရ သစ္စာစောင့်သိသည့် စိတ်ဓာတ်ရှိခြင်း . . .**

ထို့အပြင် ပုဒ်မ ၁၄၆ တွင် "နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်စေရမည်" ဟု ပြဋ္ဌာန်းထားသည်။

**၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် တတိယမြောက် အခြေခံဥပဒေဖြစ်သည်။ ယင်းဥပဒေပုဒ်မ ၃၄၅ တွင် "အောက်ဖော်ပြပါအရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများဖြစ်ကြသည် -

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူ၊

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းသည့်နေ့တွင်ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ။ ဟူ၍ ပြဋ္ဌာန်းထားသည်။

**၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ**

၁၉၈၂ ခုနှစ်တွင် မြန်မာနိုင်ငံသားဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေအရ ယခင်က ကျင့်သုံးခဲ့သော ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် (ရွေးချယ်ရေး) အက်ဥပဒေနှင့် ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေတို့ကို ရုပ်သိမ်းခဲ့သည်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေသည် ယနေ့ထက်တိုင် တည်ဆဲဥပဒေအဖြစ် ရပ်တည်လျက်ရှိသည်။ နိုင်ငံတော်တွင်ပါဝင်သော နယ်မြေတစ်ခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ ခရစ်နှစ် ၁၈၂၃ ခုနှစ် မတိုင်မီကာလမှစ၍ ပင်ရင်းနိုင်ငံအဖြစ် အခြေချနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားဖြစ်ကြောင်းနှင့် တိုင်းရင်းသားတိုင်းသည်လည်းကောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူတိုင်းသည်လည်းကောင်း မွေးရာပါ နိုင်ငံသားဖြစ်ကြောင်း ပုဒ်မ ၃ နှင့် ၅ တွင် ပြဋ္ဌာန်းထားသည်။ တိုင်းရင်းသားမဟုတ်သူများ နိုင်ငံသားဖြစ်ထိုက်ခွင့် ရှိ-မရှိကို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်သည်။

**မွေးရာပါနိုင်ငံသားနှင့် ဥပဒေအရနိုင်ငံသား**

ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ ပြဋ္ဌာန်းသော နိုင်ငံသားဟူသည် မွေးရာပါတိုင်းရင်းသားနိုင်ငံသားများနှင့် ဥပဒေအရ ဖြစ်လာရသော နိုင်ငံသားများအားလုံးကို ဆိုလိုကြောင်း မြင်တွေ့ရသည်။ သို့ရာတွင် တိုင်းရင်းသားတိုင်းသည် နိုင်ငံသားဖြစ်ပြီး နိုင်ငံသားတိုင်းသည် တိုင်းရင်းသား မဟုတ်ကြပါ။ မည်သို့ပင်ဆိုစေ မွေးရာပါတိုင်းရင်းသား နိုင်ငံသားများနှင့် ဥပဒေအရ ဖြစ်သော နိုင်ငံသားများ အားလုံးတို့သည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံသား တစ်မျိုးတည်းသာ ဖြစ်ကြသည်။

**မူလအခွင့်အရေးနှင့် တာဝန်များတူညီစွာရှိကြသည်**

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၃ တွင် "ဇာတိမရွေး၊ ကိုးကွယ်ရာ ဘာသာမရွေး၊ ယောက်ျားမိန်းမ မရွေး၊ လူမျိုးမရွေး နိုင်ငံသားဟူသမျှသည် နိုင်ငံတော် တရားဥပဒေအရာတွင် အညီအမျှသာဖြစ်သည်။ ဆိုလိုရင်းမှာ နိုင်ငံသားတစ်ဦးနှင့်တစ်ဦးကို သို့တည်းမဟုတ် နိုင်ငံသားလူတန်းစား တစ်စားနှင့် တစ်စားကို တစ်ဖက်သတ်သဘောအတိုင်း ခွဲခြားခြင်း မပြုရ" ဟူ၍ ပြဋ္ဌာန်းထားသည်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၇ တွင် "နိုင်ငံသားတိုင်း လူမျိုး၊ အဆင့်အတန်း၊ ရာထူးဌာနန္တရ၊ ဆင်းရဲချမ်းသာ၊ ယဉ်ကျေးမှု၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အမျိုးသား အမျိုးသမီးမရွေး ဥပဒေအရာတွင် ခွဲခြားမှုမရှိစေဘဲ တန်းတူညီမျှမှု ရှိစေရမည်" ဟူ၍ ပြဋ္ဌာန်းထားသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၈ တွင် "နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့် အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကိုအကြောင်းပြု၍ ခွဲခြားမှုမရှိစေရ" ဟူ၍ ပြဋ္ဌာန်းထားသည်။

**နိုင်ငံသားစိတ်ဓာတ်မွေးကြရပါမည်**

ဖွဲ့စည်းပုံအခြေခံဥပဒေ သုံးခုစလုံးတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို မွေးရာပါ တိုင်းရင်းသား နိုင်ငံသားများနှင့် ဥပဒေအရဖြစ်သောနိုင်ငံသားများ အားလုံးတို့သည် တန်းတူရည်တူ၊ အညီအမျှ ရရှိခံစားခွင့်ရှိကြသည်ကို ပြဋ္ဌာန်းခဲ့ကြသည်။ ထိုနည်းတူစွာပင် နိုင်ငံသားတိုင်း လိုက်နာစောင့်ထိန်းရမည့် တာဝန်များကိုလည်း သက်ဆိုင်ရာဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပြဋ္ဌာန်းထားပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မ ၃၈၃ မှ ပုဒ်မ ၃၉၀ အထိ သတ်မှတ်ပြဋ္ဌာန်းထားသည်။ ယင်းတာဝန်များကို မွေးရာပါတိုင်းရင်းသား နိုင်ငံသားများနှင့် ဥပဒေအရဖြစ်သော နိုင်ငံသားများ အားလုံး မခွဲမခြား၊ တူတူညီညီ ကိုယ်စီကိုယ်စီ လိုက်နာစောင့်ထိန်းကြရန် တာဝန်ရှိသည်။

ဤသို့ဆိုလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ နိုင်ငံသားအားလုံးတို့သည် မိမိတို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး တိုးတက်ဖွံ့ဖြိုးဖို့၊ တည်ငြိမ်အေးချမ်းဖို့၊ သာယာဝပြောဖို့၊ ထာဝစဉ် ငြိမ်းချမ်းစေဖို့၊ ကမ္ဘာ့အလယ်တွင် တင့်တယ်ဝင့်ထည်သည့် နိုင်ငံတော်ကြီးဖြစ်ဖို့အတွက် နိုင်ငံသားစိတ်ဓာတ် ရှိကြရပါမည်။ နိုင်ငံသားစိတ်ဓာတ် ပြုစုပျိုးထောင် မွေးမြူကြရပါမည်။

နိုင်ငံသားစိတ်ဓာတ်ဟူသည်ကား ဖွဲ့စည်းပုံအခြေခံဥပဒေများက ညွှန်းဆိုဖော်ပြထားချက်များကို ထောက်ရှု၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံသားများအားလုံးတို့သည် တစ်ဦးနှင့် တစ်ဦး အပြန်အလှန် နားလည်မှု၊ အလေးထားမှု၊ ရိုသေလေးစားမှု၊ ချစ်ခင်ကြင်နာမှု၊ ရိုင်းပင်းကူညီမှုတို့ဖြင့် မည်သည့် နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် အစဉ်ထာဝရ သစ္စာစောင့်သိသည့် စိတ်ဓာတ်ရှိခြင်းသည်ပင်လျှင် နိုင်ငံသားစိတ်ဓာတ်ဟူ၍ ဖော်ညွှန်းလိုက်ပါရစေ။

- **မွေးရာပါတိုင်းရင်းသား နိုင်ငံသားများ မိမိကိုယ်ကို ဂုဏ်ယူတတ်ကြပါစေ၊**
- **ဥပဒေအရဖြစ်သော နိုင်ငံသားများဥပဒေနှင့်အညီသာ ဖြစ်ခွင့်ရှိကြပါစေ၊**
- **နိုင်ငံသားတိုင်း နိုင်ငံသားစိတ်ဓာတ် အားကောင်းခိုင်မာပြီး အစဉ်ထာဝရ သစ္စာစောင့်သိနိုင်ကြပါစေ။**

# ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှ အဆက်**

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအဆင့်ဆင့်သည် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီနှင့် အမျိုးသားကော်မတီသို့ အဆင့်ဆင့်တင်ပြရမည်။

**အခန်း (၅)**

**လူမှုဝန်ထမ်းအရာရှိနှင့် ကလေးသူငယ်ကြီးကြပ်သူများ ခန့်အပ်တာဝန်ပေးခြင်း**

၁၁။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့ကခွင့်ပြုသော ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ အောက်ဖော်ပြပါ လူမှုဝန်ထမ်းဦးစီးဌာနအဆင့်ဆင့်ကို ဖွဲ့စည်းတည်ထောင်၍ လိုအပ်သော လူမှုဝန်ထမ်းအရာရှိများနှင့် ကလေးသူငယ်ကြီးကြပ်သူများကို ခန့်အပ်တာဝန်ပေးနိုင်သည် -

(က) လူမှုဝန်ထမ်းဦးစီးဌာန၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးရုံးနှင့် ပြည်ထောင်စုနယ်မြေ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊

(ဃ) ခရိုင်လူမှုဝန်ထမ်းဦးစီးမှူးရုံး၊

(င) မြို့နယ်လူမှုဝန်ထမ်းဦးစီးမှူးရုံး။

၁၂။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၁၁ အရ လူမှုဝန်ထမ်းဦးစီးမှူးရုံး အဆင့်ဆင့်ကို ဖွဲ့စည်းတည်ထောင်ဖွင့်လှစ်ခြင်း မပြုနိုင်သေးသော နယ်မြေဒေသများတွင် ဤဥပဒေအရ လူမှုဝန်ထမ်းအရာရှိများနှင့် ကလေးသူငယ်ကြီးကြပ်သူများ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် နိုင်ငံ့ဝန်ထမ်းကိုဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် နိုင်ငံသားကိုဖြစ်စေ တာဝန်ပေးအပ်နိုင်သည်။ နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် နိုင်ငံသားကို သတ်မှတ်ထားသော စရိတ်ချီးမြှင့်ငွေ ထောက်ပံ့ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်လိုသည့် အခြားဌာနများမှ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

**အခန်း (၆)**

**သင်တန်းကျောင်း၊ ပရဟိတဂေဟာနှင့် ယာယီစောင့်ရှောက်ရေးဂေဟာများ တည်ထောင်ဖွင့်လှစ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း**

၁၃။ လူမှုဝန်ထမ်းဦးစီးဌာနသည် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အောက်ဖော်ပြပါ သင်တန်းကျောင်းများ၊ ယာယီစောင့်ရှောက်ရေးဂေဟာများကို တည်ထောင်ရမည် -

(က) ဤဥပဒေအရ ပို့အပ်သည့် ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်၏ ကာယ၊ ဉာဏ၊ စာရိတ္တတို့ အပါအဝင် ကလေးသူငယ်တို့၏ အကျိုးအလို့ငှာ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရန် တည်ထောင်ထားသော သင်တန်းကျောင်းများ၊

(ခ) ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခံရသော ကလေးသူငယ်ကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှု မစတင်မီနှင့် စတင်စစ်ဆေးနေသည့် ကာလအတွင်းဖြစ်စေ၊ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်အရ ဆုံးဖြတ်ချက်မချမှတ်မီကာလအတွင်းဖြစ်စေ၊ ကလေးသူငယ်တရားရုံးက စစ်ဆေးစီရင်နေသည့် ကာလအတွင်းဖြစ်စေ ယာယီအုပ်ထိန်းရန်နှင့် ပြုစုစောင့်ရှောက်ရန်လိုအပ်သော ယာယီစောင့်ရှောက်ရေး ဂေဟာများ။

၁၄။ (က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာကို တည်ထောင်ဖွင့်လှစ်ထားလျှင်ဖြစ်စေ၊ တည်ထောင်ဖွင့်လှစ်လိုလျှင်ဖြစ်စေ အသိအမှတ်ပြုလက်မှတ်ရရှိရန် လူမှုဝန်ထမ်းဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) လူမှုဝန်ထမ်းဦးစီးဌာနသည် -

(၁) ပုဒ်မခွဲ (က) အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ပြီး ကိုက်ညီပါက အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ကိုက်ညီမှုမရှိပါက လိုအပ်သည်များကို ပြုပြင်စေပြီး အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းပြုရမည်။

(၂) ပုဒ်မခွဲငယ် (၁) အရ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးသည့်အခါ စည်းကမ်းချက်များ သတ်မှတ်ပေးရမည်။ အကယ်၍ အဆိုပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားအလို့ငှာ အသိအမှတ်ပြုလက်မှတ်ကို ဆက်လက်၍ ထုတ်ပေးသင့် မသင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(၃) အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားသော ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာကို သင့်လျော်သည့် နည်းပညာကျွမ်းကျင်မှု အကူအညီ ဖြည့်ဆည်းပေးရမည်။

၁၅။ (က) စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်ကဖြစ်စေ၊ လူမှုရေးအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းကဖြစ်စေ ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာကို တည်ထောင်ဖွင့်လှစ်လိုလျှင် တည်ထောင်ခွင့်ပြုမိန့်ရရှိရန် လူမှုဝန်ထမ်းဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) လူမှုဝန်ထမ်းဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက တည်ထောင်ခွင့်ပြုမိန့်သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ လျှောက်ထားသူအား တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရမည်။ ငြင်းပယ်ခြင်းပြုပါက ကျိုးကြောင်းဖော်ပြ၍ လျှောက်ထားသူထံ စာဖြင့် အကြောင်းပြန်ကြားရမည်။

(ဂ) လူမှုဝန်ထမ်းဦးစီးဌာနသည် တည်ထောင်ခွင့်ပြုမိန့် သက်တမ်းကုန်ဆုံး၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားလာခြင်းအပေါ် သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၆။ လူမှုဝန်ထမ်းဦးစီးဌာနသည် တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးထားသော ပရဟိတဂေဟာနှင့် ယာယီစောင့်ရှောက်ရေးဂေဟာများအား -

(က) လိုအပ်သော လမ်းညွှန်မှုပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ စစ်ဆေးခြင်း၊ သင့်လျော်သည့် ကျွမ်းကျင်မှု ဖြည့်ဆည်းပေးခြင်းနှင့် ပံ့ပိုးမှုပေးခြင်းများ ပြုရမည်။

(ခ) သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ မရှိကို သင့်လျော်သော လူမှုဝန်ထမ်းအရာရှိကိုဖြစ်စေ၊ ကလေးသူငယ်ကြီးကြပ်သူကိုဖြစ်စေ၊ ယင်းပုဂ္ဂိုလ်များကို အဖွဲ့ဖွဲ့စည်း၍ဖြစ်စေ စုံစမ်းစစ်ဆေးစေပြီး စစ်ဆေးတွေ့ရှိချက်ကို တင်ပြစေနိုင်သည်။

၁၇။ လူမှုဝန်ထမ်းဦးစီးဌာနသည် သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို တည်ထောင်ခွင့်ပြုမိန့်ရရှိသူက ဖောက်ဖျက်ကြောင်းတွေ့ရှိရလျှင် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးပြီး သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) တည်ထောင်ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) တည်ထောင်ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။

**အခန်း (၇)**

**ကလေးသူငယ်၏အခွင့်အရေးများ**

၁၈။ ကလေးသူငယ်တိုင်းသည် အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိရေးနှင့် လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆက်ဆံခွင့်ရရှိစေရေးတို့အတွက် အခွင့်အရေးများရှိကြောင်း နိုင်ငံတော်က အသိအမှတ်ပြုသည်။

၁၉။ ကလေးသူငယ်တိုင်းသည် -

(က) အသက်ရှင်သန်ရန် မွေးရာပါ အခွင့်အရေးများရှိသည်။

(ခ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများ ခံစားခွင့်ရှိသည်။

(ဂ) မိဘနှစ်ပါး သို့မဟုတ် တစ်ပါးပါး အသက်ရှင်လျက်ရှိပါက ယင်းတို့နှင့်အတူ နေထိုင်ကြီးပြင်းရန် အခွင့်အရေးရှိသည်။

(ဃ) မည်သည့်အကြောင်းနှင့်မျှ ခွဲခြားဆက်ဆံခြင်းမခံရစေရ။

(င) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိသည်။

(စ) ကိုးကွယ်သည့် ဘာသာ၊ သာသနာ၊ စကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

(ဆ) ဥပဒေအရ ခွင့်ပြုထားသော ကလေးသူငယ်ဆိုင်ရာ အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ၊ လူမှုရေး သို့မဟုတ် ဘာသာရေး အဖွဲ့အစည်းများတွင် ပါဝင်ခွင့်ရှိသည်။

(ဇ) ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

(ဈ) မိမိတို့၏ ဘက်စုံဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုစေမည့် စာပေများဖတ်ရှုနိုင်ခွင့်၊ ဗဟုသုတများ လေ့လာဆည်းပူးနိုင်ခွင့်၊ သတင်းများရယူနိုင်ခွင့်ရှိသည်။

(ည) အားလပ်ချိန်နှင့် ကစားချိန်များ ရပိုင်ခွင့်ရှိပြီး အသက်အရွယ်အလိုက် အားကစားလှုပ်ရှားမှုများတွင် ပါဝင်ဆင်နွှဲခွင့်ရှိသည်။

(ဋ) ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ရှိသည်။

(ဌ) ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ရှိပြီး ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာအတွက် ဥပဒေအရ အကာအကွယ်ရထိုက်ခွင့်ရှိသည်။

(ဍ) ကလေးသူငယ်တိုင်း၏ ဂုဏ်သိက္ခာ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့်နှင့်လုံခြုံမှုကို အကြောင်းမဲ့ထိပါးခြင်း မခံရစေရန် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်ရှိသည်။

(ဎ) ပုဒ်မခွဲ (က) မှ (ဍ) အထိပါ အခွင့်အရေးများအပြင် ဤဥပဒေပါ ကလေးသူငယ်၏ အခြားအခွင့်အရေးများကို တန်းတူညီမျှစွာ ရရှိခံစားခွင့်ရှိသည်။

၂၀။ ကလေးသူငယ်၏ အခွင့်အရေးတစ်ရပ်ရပ် ဆုံးရှုံးနစ်နာခြင်းနှင့်စပ်လျဉ်း၍ နစ်နာသူ ကလေးသူငယ်ကိုယ်တိုင်ကဖြစ်စေ၊ ကလေးသူငယ်၏ကိုယ်စား မိဘ၊ အုပ်ထိန်းသူကဖြစ်စေ၊ နီးစပ်ရာ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ သက်ဆိုင်ရာ ဒေသဆိုင်ရာကော်မတီသို့လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားရုံးသို့လည်းကောင်း တင်ပြတိုင်တန်းခွင့်ရှိသည်။

၂၁။ မွေးဖွားသည့် ကလေးသူငယ်အား မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ -

(က) နိုင်ငံတော်အတွင်း မွေးဖွားသည့် ကလေးသူငယ်တိုင်းသည် ခွဲခြားဆက်ဆံခြင်း မရှိစေဘဲ မွေးဖွားခြင်းကို အခမဲ့မှတ်ပုံတင်ခွင့်ရှိသည်။

(ခ) ဆေးရုံ သို့မဟုတ် သားဖွားခန်း၌ ကလေးမွေးဖွားပြီးလျှင်ဖြစ်စေ၊ အခြားနေရာတစ်ခုခုတွင် မွေးဖွားပြီးလျှင်ဖြစ်စေ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် သင့်လျော်သူ တစ်ဦးဦးသည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာအစိုးရဌာနသို့ မွေးဖွားခြင်းကို မှတ်ပုံတင်ရန် အကြောင်းကြားရမည်။

(ဂ) သက်ဆိုင်ရာ အစိုးရဌာနသည် မွေးဖွားသည့် ကလေးသူငယ်နှင့် ကလေးမွေးဖွားခြင်း မှတ်ပုံတင်စာအုပ်တွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်၍ ကလေးမွေးဖွားခြင်း မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

(ဃ) ကလေးမွေးဖွားခြင်းကို မှတ်ပုံတင်ထားခဲ့ခြင်း မရှိသည့်ကိစ္စတွင် ကလေးမွေးဖွားခဲ့ကြောင်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့် ဖြစ်စေ၊ သက်ဆိုင်ရာ ဆေးရုံ သို့မဟုတ် သားဖွားခန်း၏ တာဝန်ခံပုဂ္ဂိုလ်က ထုတ်ပေးသည့် မွေးစာရင်းသက်သေခံလက်မှတ် ပူးတွဲ၍ဖြစ်စေ ကလေးမွေးဖွားကြောင်း ကလေးသူငယ်၏ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် သင့်လျော်သူတစ်ဦးဦးက သက်ဆိုင်ရာအစိုးရဌာနသို့ အကြောင်းကြားပြီး မွေးဖွားမှုမှတ်ပုံတင်ရမည်။ ထိုကလေးမွေးဖွားကြောင်း မှတ်ပုံတင်ခြင်းသည် ကလေးသူငယ်၏ အသက်အတွက် သက်သေအထောက်အထားဖြစ်သည်ဟု မှတ်ယူရမည်။

၂၂။ မွေးဖွားကြောင်း မှတ်ပုံတင်သည့် ကလေးသူငယ်တိုင်းသည် နိုင်ငံသားဖြစ်မှုဆိုင်ရာ အခွင့်အရေးကို တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရရှိစေရမည်။

၂၃။ အမျိုးသားနှင့် အမျိုးသမီးတို့၏ ထိမ်းမြားလက်ထပ်နိုင်သည့် အသက်သည် ၁၈ နှစ်ပြည့်ပြီးဖြစ်ရမည်။

၂၄။ ဤဥပဒေပါ အခွင့်အရေးများကို ကလေးသူငယ်တိုင်း အပြည့်အဝ ရရှိခံစားနိုင်စေရန် -

(က) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် မိမိတို့ ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ရမည်။

(ခ) စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်၊ လူမှုရေးအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည်လည်း ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခွင့်ရှိသည်။

**အခန်း (၈)**

**ကလေးသူငယ်ကို မွေးစားခြင်း**

၂၅။ မြန်မာနိုင်ငံသားတစ်ဦးဦးသည် ကလေးသူငယ်ကို မိဘအရင်းသဖွယ် ပြုစုစောင့်ရှောက်နိုင်ပါက ကလေးသူငယ်အား သတ်မှတ်ချက်များနှင့်အညီ မွေးစားပိုင်ခွင့်ရှိသည်။

**(ဆက်လက်ဖော်ပြပါမည်)**

## အင်းတော်ကြီးဒေသတွင် ကျက်စားနေသော ရေပုတ်သင်မျိုးစိတ်သစ် ရှာဖွေဖော်ထုတ်ခဲ့သူအား ဂုဏ်ပြု



**မိုးညှင်း ဇူလိုင် ၂၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသတွင် ကျက်စားနေသော ရေပုတ်သင်မျိုးစိတ်သစ် (Tylotoriton Kachinorun) ရှာဖွေဖော်ထုတ်ခဲ့သော မိုးညှင်းဒီဂရီကောလိပ် သတ္တဗေဒဌာန တွဲဖက်ပါမောက္ခ ဒေါက်တာသန်းဇော်အား ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက မိုးညှင်းဒီဂရီကောလိပ် ဘက်စုံသုံးခန်းမ၌ ပြုလုပ်သည်။

မိုးညှင်းဒီဂရီကောလိပ် သတ္တဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာမြင့်မြင့်သန်းက အမှာစကားပြောကြားပြီးနောက် ရုရှားနိုင်ငံ Lomonosov Moscow State University တွဲဖက်ပါမောက္ခ ဒေါက်တာ NIKOLAY A.Poyarkov က ဂုဏ်ပြုဝမ်းမြောက်စကား ပြောကြားခဲ့သည်။

ထို့နောက် မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးနှင့် ပါမောက္ခ(ဌာနမှူး) ဒေါက်တာမြင့်မြင့်သန်းတို့က ဒေါက်တာသန်းဇော်နှင့် Lomonosov Moscow State University မှ သုတေသနပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

မိုးညှင်းဒီဂရီကောလိပ် သတ္တဗေဒဌာန တွဲဖက်ပါမောက္ခ ဒေါက်တာသန်းဇော်က အင်းတော်ကြီးဒေသတွင် ရေပုတ်သင်မျိုးစိတ်သစ် (Tylotoriton Kachinorun) တွေ့ရှိပုံနှင့် သုတေသနပြုခဲ့ပုံတို့ကို ရှင်းလင်းပြောကြားခဲ့သည်။ **နီတိုး**

## ပေါင်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အမိုးများ ပျက်စီး

**ပေါင် ဇူလိုင် ၂၅**



ပေါင်မြို့နယ် လက်ပံတောကျေးရွာ၌ ဇူလိုင် ၂၄ ရက် နံနက် ၄ နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၁၁ လုံးမှ သွပ်အချပ်ပေါင်း ၆၈ ချပ် လန်ထွက်ပျက်စီး ဆုံးရှုံးခဲ့သည်။

လေဘေးသင့်နေအိမ်များမှ အမျိုးသမီး ၂၆ ဦးနှင့် အမျိုးသား ၂၆ ဦး စုစုပေါင်း ၅၂ ဦးတို့မှာ နီးစပ်ရာဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။ **လှိုင်ထွန်းအောင်(သထုံ)**

## လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ အမိုးလန်ပျက်စီး

**ကျိုက်မရော ဇူလိုင် ၂၅**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကော့ဗွီးကျေးရွာတွင် ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက လေပြင်းတိုက်ခတ်ပြီး မိုးကြီးသဖြင့် နေအိမ်ခြောက်လုံး သွပ်မိုးများလန်ထွက်ပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ခြောက်လုံးမှ သွပ်အချပ်ပေါင်း ၁၆၆ ချပ် လန်ထွက်၍ ပျက်စီးဆုံးရှုံးခဲ့သည့်အပြင် ကွန်ကရစ်တိုင်တစ်တိုင်လည်း ပြိုကျပျက်စီးခဲ့ကြောင်းသိရသည်။ အဆိုပါလေပြင်းတိုက်ခတ်ရာနေရာသို့ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ သွားရောက်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ချို့မြတ်မြတ်ထွေး (ပြန်/ဆက်)**

## စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုများဖြစ်ပေါ်၊ လူနေအိမ်များစိုးရိမ်ရ



**ကျောက်တံခါး ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်စရစ်ကျေးရွာတွင် ယခုရက်ပိုင်းအတွင်း စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုကြောင့် ကမ်းနှင့်နီးသောနေအိမ်များစိုးရိမ်နေရကြောင်းသိရသည်။

"ကျွန်တော်တို့ ကျောက်စရစ်ကျေးရွာမှာ အိမ်ခြေပေါင်း ၈၃ အိမ်ရှိပြီး လူဦးရေပေါင်း ၅၀၀ ကျော်ရှိပါတယ်။ အခုနှစ် မိုးတွင်းကာလမှာ အဆိုးရွားဆုံးကမ်းပြိုကျမှုများ ဖြစ်ပေါ်လာတာကြောင့် ကမ်းနဲ့နီးကပ်နေတဲ့နေအိမ်အချို့နဲ့ ပေ ၂၀ ခန့်သာ ဝေးကွာတော့ပါတယ်" ဟု ကျောက်စရစ်ကျေးရွာနေ ဦးသောင်းညွန့်က ပြောသည်။ **ခင်ကို(ကျောက်တံခါး)**

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆွေးနွေး

**ရေတာရှည် ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ယူနစ်ပေါင်း ၄၆ ယူနစ်၊ ကျေးရွာပေါင်း ၄၆ ရွာ၌ တစ်ရွာလျှင် အရင်းမပျောက်မတည်ငွေရင်း ကျပ်သိန်း ၃၀၀ စီဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက မြို့နယ်ကျေးလက်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

ခရိုင်ဦးစီးမှူး ဦးဘသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်တို့က မြစိမ်းရောင်ကျေးရွာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် ကျေးလက်ဒေသများတွင် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွန့်က စီမံကိန်းနှင့်ပတ်သက်၍ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျေးရွာပေါင်း ၄၆ ရွာမှ တက်ရောက်လာသည့် ကော်မတီဝင်များက ကျေးရွာအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများ၊ ရရှိသောအကျိုးအမြတ်ဖြင့် မီးလင်းရေး၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။



**ကိုလွင်(ဆွာ)**

## တိုတိုထွာထွာဖတ်စရာ

### မဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**နောင်မွန်း**

ကချင်ပြည်နယ် နောင်မွန်းမြို့နယ်တွင် လူဦးရေစာရင်းကောက်ယူခြင်းနှင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီတွင် နောင်မွန်းမြို့နယ် လုံမောင်ခန်းမ၌ ကျင်းပသည်။

မြို့နယ်လူဦးရေစာရင်းကောက်ယူရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဇော်ဟိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဆန်နိုင်ဆင်ရမ်က လူဦးရေစာရင်းအချက်အလက်ကောက်ယူပြုစုခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာစိုး၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးအောင်ဇော်ဦး၊ မြို့နယ်လဝကဦးစီးမှူး ဦးညီညီတို့က မဲစာရင်းပြုစုခြင်းဆိုင်ရာလုပ်ငန်းများအကြောင်း၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းအကြောင်း ရှင်းလင်းပို့ချဆွေးနွေးခဲ့ကြောင်း သိရသည်။

**နောင်မွန်း (ပြန်/ဆက်)**

### မိုးဦးနှမ်းလျင်များ အောင်မြင်ဖြစ်ထွန်း

**ပေါက်**

နှမ်းကို မိုးကြိုရေသွင်းနှမ်း၊ မိုးဦးနှမ်းလျင်နှင့် မိုးနှောင်းနှမ်းကြီးများ စိုက်ပျိုးကြရာ မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ မိုးဦးနှမ်းလျင်များစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မိုးစောစီးစွာရွာသွန်းမှုကြောင့် စိုက်ပျိုးရေအပြည့်အဝရရှိကာ ယခုနှမ်းခင်းများ အဖူးအပွင့်များဝေနေချိန်တွင်လည်း အောင်မိုးရွာသွန်းပေးကာ မိုးဦးနှမ်းလျင်စိုက်တောင်သူများ ယခင်နှစ်ကထက် အထွက်နှုန်းပိုမိုကောင်းမွန်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပေါက်မြို့နယ် မုန်ကုန်းကျေးရွာနေ နှမ်းစိုက်တောင်သူ ဦးဌေးလွန်က ပြောသည်။

**ညဏ်တိုး(ပေါက်)**

### လှိုင်ကော်တွင် ငါးမျိုးစိုက်ထည့်

**လှိုင်ကော်**

ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လှိုင်ကော်) မှ ငါးမျိုးစိုက်ထည့်ပွဲကို ဇူလိုင် ၂၄ ရက် ညနေ ၅ နာရီက လှိုင်ကော်မြို့ နောင်ယား(ခ)ရပ်ကွက်ရှိ နောင်ယားကန်၌ ကျင်းပသည်။

ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လှိုင်ကော်) မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် မျိုးသန့်နိုင်နှင့် ဇနီး၊ ကယားပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေနှင့် တာဝန်ရှိသူများက ရွှေဝါငါးကြင်းကောင်ရေ ၆၀၀၀၀၊ ထိုင်းငါးခုံးမကောင်ရေ ၂၅၀၀၀၊ မြက်စားငါးကြင်းကောင်ရေ ၁၅၀၀၀ စုစုပေါင်း ငါးကောင်ရေ ၁၀၀၀၀၀ စိုက်ထည့်ခဲ့ကြောင်း သိရသည်။ **ကိုစိုင်း (လှိုင်ကော်)**



ရန်ကုန်မြို့သဃ်န်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ကောင်းနိုင် ဇူလိုင် ၂၃ ရက်က သုဝဏ္ဏ (၂၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ရပ်ကွက်နေပြည်သူများအား မှုခင်းအသိပညာပေး ဟောပြောစဉ်။

**ဖြိုးမောင်မောင်**

### လယ်ယာသုံးယာဉ် တောင်သူများလာရောက်ကြည့်ရှု

**ရေကြည်**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် မြို့မရပ်ကွက် ကြိမ်ချောင်းကျေးရွာနေ တောင်သူ ဦးမြင့်ဝင်းလယ်တွင် ဇူလိုင် ၂၄ ရက် နံနက် ၈ နာရီက လယ်ယာသုံး လေးဘီးစီယာတိုင်ယာဉ်ကို တောင်သူများလာရောက်ကြည့်ရှုလျက်ရှိသည်။

အဆိုပါလယ်ယာသုံးယာဉ်သည်တစ်နေ့လျှင်၉ဒသမ ၀၀ ဧကကျပြီး ဆီကုန်သက်သာကာ အလုပ်တွင်ကျယ်ခြင်းကြောင့် တောင်သူများ ဝယ်ယူအသုံးပြုကြကြောင်း သိရသည်။ **ဆန်းတင့် (ရေကြည်)**

## ပေါင်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အမိုးများ ပျက်စီး

**ပေါင် ဇူလိုင် ၂၅**

ပေါင်မြို့နယ် လက်ပံတောကျေးရွာ၌ ဇူလိုင် ၂၄ ရက် နံနက် ၄ နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၁၁ လုံးအမိုးလန် ပျက်စီးဆုံးရှုံးခဲ့သည်။ လေဘေးသင့်နေအိမ်များမှ အမျိုးသမီး ၂၆ ဦးနှင့် အမျိုးသား ၂၆ ဦး စုစုပေါင်း ၅၂ ဦးတို့သည် နီးစပ်ရာဆွေမျိုးများ နေအိမ်သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှု မရှိကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**



ဇူလိုင် ၂၅ ရက်က ပြည်တက္ကသိုလ် လေးထပ်ခန်းမဆောင်၌ မူခင်း အသိပညာနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြောပွဲကို ပြုလုပ်ရာ အမှတ်(၁၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ပြည်)မှ ဒုရဲမှူးသန်းနိုင်နှင့် မှုးယစ်တပ်ဖွဲ့စုမှ တာဝန်ရှိသူများ၊ ပြည်ခရိုင်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ ဟောပြောဆွေးနွေးစဉ်။

**နန္ဒကျော်စွာ**



## မွေးနေ့မှာ ချစ်သူဆီက ကားလက်ဆောင်ရရှိခဲ့တဲ့ ဂျနီဖာလိုပက်ဇ်

ပေါ့ပ်ကြယ်ပွင့် ဂျနီဖာလိုပက်ဇ်ဟာ လတ်တလောမှာ အသက် ၅၀ ပြည့်ခဲ့ပြီဖြစ်ပါတယ်။ သူ့ရဲ့ မွေးနေ့အထိမ်းအမှတ်အဖြစ် စေ့စပ်ထားတဲ့ချစ်သူ အဲလက်ဇ်ရိုဒရီဂွက်ဇ်က အနီရောင်ကားတစ်စီး လက်ဆောင်ပေးခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇူလိုင် ၂၄ ရက်မှာ ဂျနီဖာလိုပက်ဇ်ဟာ အသက် ၅၀ ပြည့်ခဲ့တာဖြစ်ပါတယ်။ ဒီမွေးနေ့မှာတော့ ပေါ့ပ်ကြယ်ပွင့်နဲ့ အဲလက်ဇ်ရိုဒရီဂွက်ဇ်တို့ဟာ မိုင်ယာမီကို ရောက်ရှိနေတာဖြစ်ပါတယ်။ အဲဒီမှာ ဂျနီဖာလိုပက်ဇ်က ချစ်သူပေးတဲ့ မွေးနေ့လက်ဆောင် 2019 Porsche 911 GTS ကားကို စမ်းမောင်းကြည့်ခဲ့တယ်လို့လည်း သိရပါတယ်။




## ဆောင်းဟေကိုနဲ့ပတ်သက်ပြီး ကောလာဟလဖြန့်ချိသူတွေကို အေဂျင်စီ အရေးယူ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ဆောင်းဟေကိုဟာ မကြာသေးမီကမှ ခင်ပွန်းဟောင်း ဆောင်းဂျွန်ကီနဲ့ တရားဝင် ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဆောင်းဟေကိုအပေါ် မဟုတ်မမှန်ဝေဖန်ရေးသားပြောဆိုသူတွေကို ဆောင်းဟေကိုရဲ့ ဖျော်ဖြေရေးအေဂျင်စီက ဥပဒေအရ အရေးယူထားကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇူလိုင် ၂၅ ရက်မှာ ဆောင်းဟေကိုရဲ့ အေဂျင်စီက မင်းသမီးအပေါ် စော်ကားပြောဆိုသူတွေနဲ့ ခွဲခြားဆက်ဆံမှုတွေ ပြုလုပ်ခဲ့သူအချို့ကို ဘန်ဒန်းရဲစခန်းမှာ အမှုဖွင့်ထားကြောင်း ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။

အေဂျင်စီရဲ့ ပြောကြားချက်အရ ဆောင်းဟေကိုရဲ့ ပုဂ္ဂိုလ်ရေးနဲ့ပတ်သက်ပြီး မဟုတ်မမှန်သတင်းဖြန့်သူတွေ၊ ဂုဏ်သိက္ခာကျဆင်းအောင် စော်ကားပြောဆိုသူတွေကို ပထမတိုင်ချက်ဖွင့်ခဲ့တာဖြစ်ကြောင်းနဲ့ နောက်ထပ်အလားတူ ကျူးလွန်နေတဲ့ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေကိုလည်း သက်သေရရှိပါက ထပ်မံတရားစွဲဆိုသွားမှာဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

မင်းသမီးရဲ့ အေဂျင်စီက ဒီအမှုနဲ့ပတ်သက်ပြီး ဆောင်ရွက်ဖို့ရာ ကိုယ်စားလှယ်နှစ်ဦးကိုလည်း ပြီးခဲ့တဲ့ ဇွန် ၂၈ ရက်က ခန့်အပ်ခဲ့ပြီးဖြစ်ကြောင်းနဲ့ ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်မှုတွေကို လုပ်ဆောင်သွားတော့မှာဖြစ်ကြောင်းလည်း တစ်ပါတည်း ထည့်သွင်းရေးသားဖော်ပြထားပါတယ်။ ဒ့ါအပြင် တရားစွဲဆိုခံထားရသူတွေဟာ သက်ညှာမှုကို ရရှိမှာမဟုတ်ကြောင်းနဲ့ အေဂျင်စီအနေနဲ့ ညှိနှိုင်းမှုတွေကိုလည်း လက်ခံသွားမှာမဟုတ်ကြောင်းလည်း ထုတ်ပြန်ရေးသားဖော်ပြခဲ့ပါတယ်။

ဆောင်းဟေကို ကွာရှင်းလိုက်ပြီဖြစ်ကြောင်း သတင်းအပေါ် အချို့သောလူတွေက အခြေအမြစ်မရှိတဲ့ ကောလာဟလတွေကို ဖြန့်ချိနေတာဖြစ်ပါတယ်။ မင်းသမီးနဲ့ပတ်သက်ပြီး ဂုဏ်သိက္ခာထိခိုက်အောင် ဝေဖန်ရေးသားမှုတွေ ရှိခဲ့သလို အချို့သောကောလာဟလတွေဟာ ဆောင်းဟေကိုကို ပိုမိုနာကျင်စေတာ ဖြစ်တယ်လို့လည်း အဆိုပါမီဒီယာက ရေးသားဖော်ပြထားပါတယ်။

ဆောင်းဟေကိုဟာ ဆောင်းဂျွန်ကီနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေ စတင်ပေါ်ထွက်လာချိန်ကတည်းက အနုပညာလှုပ်ရှားမှုတွေ ရပ်နားခြင်းမရှိခဲ့ပါဘူး။ သူဟာ ပြီးခဲ့တဲ့လအတွင်းက ပြည်ပမှာ ကျင်းပတဲ့အခမ်းအနားတွေကိုလည်း တက်ရောက်ခဲ့တာ တွေ့ရပါတယ်။ လက်ရှိမှာလည်း ရုပ်ရှင်တစ်ကားကို လက်ခံရိုက်ကူးပေးနေကြောင်းလည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဂ) ၁-၁-၂၀၂၀ ရက်နေ့တွင် အသက် ၁၆ နှစ်ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

(ဃ) အရပ်(၅)ပေ(၂)လက်မ၊ ပေါင်(၁၀၀)နှင့်အထက် ရှိရမည်။
(အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မိဘအုပ်ထိန်းသူ သဘောတူညီကြောင်းထောက်ခံချက်ပါရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၂၆-၇-၂၀၁၉ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၇-၇-၂၀၁၉ ရက်နေ့မှ ၆-၉-၂၀၁၉ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ ဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၄၄၀၀၀ိ/-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ ၁၅၀၀၀၀ိ/-ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(တတိယတန်း) (အခြေခံလစာ- ၂၀၄၀၀၀ိ + အရည်အချင်းလစာ ၄၀၀၀ိ + M.H.R.A = ၁၀၀၀၀ိ = ၂၁၈၀၀၀ိ)အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊ စရိတ်များ ရရှိမည်-

| **အဆင့်အတန်း** | **အခြေခံ လစာ** | **အရည်အချင်း လစာ** | **M.H.R.A** | **ပေါင်း** |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၂၂၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၅၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၇၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်၊ သရုပ်ဆောင်၊ ဒါရိုက်တာ၊ ဇာတ်ညွှန်း

## ဦးသန်းအောင် (ခ) ဦးသန်းထွင်ရှ (MA)

(ဝါဝါဝင်းရွှေ ရုပ်ရှင်ထုတ်လုပ်ရေး)

### အသက် (၇၇) နှစ်

ရန်ကုန်မြို့နေ (ဦးဟန်ကြည်-ဒေါ်တင်မြင့်)တို့၏သား၊ (ဦးထွန်းရွှေ-ဒေါ်သန်းတင်)တို့၏သားသမက်၊ ဦးဝင်းမြင့်အောင်၏ညီ၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၈၈)နေ ဦးဝင်းထွင်ရှဝင်း-ဒေါ်ဟေနွယ်ဦး (Celebrity ရုပ်ရှင်ထုတ်လုပ်ရေး)၊ သရုပ်ဆောင် ဝါဇင်(ခ)သားထူး-ဒေါ်စောစန္ဒီဇော် (သံမှူး၊ မြန်မာသံရုံး၊ စင်ကာပူနိုင်ငံ)တို့၏ချစ်လှစွာသောဖခင်၊ မဝါရွှေနွယ်သွေးဝင်း (ခ) Alice Win၊ မဝင်းဝါပန်းမြတ်သူ (ခ) Pinky Win (Yangon Academy)၊ မဝင်းပဝတီထွင်ရှ (ခ) Victoria Htut၊ မရွှေကေရီထွင်ရှ (ခ) Isabella Htut တို့၏ချစ်လှစွာသောအဘိုး၊ သရုပ်ဆောင် ဒါရိုက်တာ ဒေါ်ဝါဝါဝင်းရွှေ၏ ချစ်လှစွာသောခင်ပွန်း ဦးသန်းအောင်(ခ) ဦးသန်းထွင်ရှသည် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့) ည ၇း၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်၊ သရုပ်ဆောင်၊ ဒါရိုက်တာ၊ ဇာတ်ညွှန်း

## ဦးသန်းအောင် (ခ) ဦးသန်းထွင်ရှ (MA)

(ဝါဝါဝင်းရွှေ ရုပ်ရှင်ထုတ်လုပ်ရေး)

### အသက် (၇၇) နှစ်

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၈၈)နေ သရုပ်ဆောင် ဒါရိုက်တာ ဒေါ်ဝါဝါဝင်းရွှေ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်မြင့်ခိုင်၏မောင်၊ ဒေါ်ခင်မြစန္ဒာဝင်း၊ ဒေါက်တာခင်မြသန္တာအေး၊ ဦးကျော်ထက်ထွန်း (SCHLUMBERGER)-ဒေါ်ခင်မြနန္ဒာဝင်း၊ ဒေါက်တာသိန်းဝင်း၊ ဦးသက်လွင်(ခ) ကိုသက်-ဒေါ်ခင်မြစန္ဒီဝင်း(ရွှေမင်းသမီးရုပ်ရှင်ထုတ်လုပ်ရေး)၊ ဦးမြတ်မျိုးဝင်း-ဒေါ်ခိုင်မာလာရွှေ (ခေတ္တ-USA)၊ ဦးဇေပြည့်ဖြိုးဝင်း-ALICIA ZHU YUN (ခေတ္တ-စင်ကာပူ)တို့၏ ချစ်လှစွာသောဦးလေး၊ မမေသဲအေး၊ မခင်နှင်းသက်လွင် (ခ) YUKI၊ မောင်ထက်ငြိမ်းချမ်း (ခ) RICHIE၊ မောင်ဘုန်းထက်လွင် (ခ) UNO၊ မဝင့်မြတ်ထက် (ခ)WENDY SHARON၊ မထက်ယမင်းထွန်း(ခ) SHARON တို့၏ ချစ်လှစွာသောအဘိုး ဦးသန်းအောင်(ခ) ဦးသန်းထွင်ရှသည် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့) ည ၇း၁၂ နာရီတွင် ပန်းလှိုင်စီလုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါ်စန်းရီထွေး(ခ) အဲလိဇဘတ်

### အသက်(၆၅)နှစ်

ရန်ကုန်မြို့ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ (၆)ရပ်ကွက်၊ ရန်ကြီးအောင်(၁)လမ်း၊ အမှတ်(၁၀၅၆)နေ ဦးလှအောင် (အငယ်တန်းအင်ဂျင်နီယာ-၂၊ မြို့ပြ-ငြိမ်း၊ မြန်မာ့မီးရထား)၏ ဇနီးသည် ၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်း ဂူသွင်း သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

ဗလငါးတန်ဖွံ့ဖြိုးဖို့

စာအုပ်စာပေ

လေ့လာစို့

---

## ကိုကျော်ဇင်နိုင်

အထက(၂) ဗဟန်း၊ ကျောင်းသားဟောင်း

### အသက် (၄၁) နှစ်

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၃/၂)နေ [ဦးမောင်တူ(စိန်ရွှေရတနာဆိုင်)]-ဒေါ်အေးအေးတို့၏သား၊ (ဦးမောင်မောင်)-ဒေါ်သန်းဝေ၊ (ဦးကျော်မြင့်)-ဒေါ်ခင်မာချို၊ ဦးကျော်သန်း-ဒေါ်ခင်ရီ၊ ဦးခင်မောင်ထွေး-ဒေါ်စန်းယုမော်၊ ဦးမျိုးမြင့်-ဒေါ်ဝင်းဝင်းမော်၊ ဦးဇော်မင်း-ဒေါ်ခင်စန္ဒာကျော်၊ ဦးမင်းဆွေ-ဒေါ်ခင်သိင်္ဂီမော်၊ ဦးမျိုးကျော်ဝင်း-ဒေါ်စောမိမိသန်း၊ မဝင်းသိင်္ဂီမော်၊ ကိုတင်ထွန်းနိုင်-မသန္တာအောင်၊ ကိုကျော်မင်းနိုင်၊ မသက်သက်ဦးတို့၏ ညီ/မောင်၊ မထွင်ရှထွင်ရှခိုင်၏အစ်ကို၊ တူ/တူမ ၁၈ ယောက်တို့၏ဦးလေး၊ မြေး လေးယောက်တို့၏အဘိုးလေး ကိုကျော်ဇင်နိုင်သည် ၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၃/၂)နေ [ဦးမောင်တူ(စိန်ရွှေရတနာဆိုင်)]-ဒေါ်အေးအေးတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယိကာမကြီး

## ဒေါ်အေးခင်

### အသက်(၉၄)နှစ်

ပြွန်တံဆာမြို့

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တံဆာမြို့နေ (ဦးသန်းမောင်-ဒေါ်သန်းတင်)တို့၏ သမီး၊ (ဆရာကြီးဦးမောင်မောင်-ဒေါ်အုန်းမေ)တို့၏ သမီးချွေးမ၊ (ဒေါ်အေးတင်)၊ ဦးမြလှိုင်-(ဒေါ်မြသိန်း)၊ ဦးကျင်အေး-(ဒေါ်နှင်း)၊ (ဦးကျော်ဝင်း)-ဒေါ်ကျင်လှိုင်၊ (ဦးလွင်မောင်)-ဒေါ်ပန်းရင်၊ (ဦးခင်မောင်ယဉ်-ဒေါ်ပန်းသင်)၊ ဦးကြင်သိန်း-(ဒေါ်ခင်နွဲ့)တို့၏ အစ်မကြီး၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ဆရာစံမြောက် အနောက်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၁၃)နေ ဦးကျော်စိန် (ဆည်မြောင်း-ငြိမ်း)၏ ဇနီး၊ ဒေါ်စိုးစိုးသန်း၊ ဒေါ်ကြည်ကြည်သန်း(အမက-၁၊ ဗဟန်း)-ဦးဝင်းကြိုင် (ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)၊ ဦးမိုးကျော်သူ-ဒေါ်သိန်းသိန်းမြင့် တို့၏ မိခင်ကြီး၊ Dr.နွေးဒါလီဝင်း (Sakura ဆေးရုံ)၊ မောင်အောင်မြတ်မင်း(TU.မော်ဘီ)၊ မောင်ခန့်ပြည့်စုံ (ဒဂုံတက္ကသိုလ်)၊ မောင်မြင့်မြတ်ကျော်(ထ-၂၊ ဗဟန်း)တို့၏ အဘွားသည် ၂၅-၇-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီး သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါ ရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ညွှန့်

ကျိုက္ခမီ၊ မော်လမြိုင်

### အသက် (၉၁) နှစ်

ရန်ကုန်မြို့ ကျောက်မြောင်းဈေးလမ်း၊ အမှတ်(၅၇)၊ ဒုတိယထပ်နေ (ဦးစောညွှန့်-ဒေါ်သန်းနု)တို့၏သမီး၊ (ဦးဖိုးမှီ-ဒေါ်လေးခင်)တို့၏သမီးချွေးမ၊ [သီရိပျံချီ ဦးစိန်ကြည်(မြန်မာနိုင်ငံဝန်ထမ်းအထက်တန်းအုပ်ချုပ်ရေး အရာရှိ-ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ (ဦးမျိုးမြင့်-ဒေါ်ဖွားစိန်)၊ [ဗိုလ်မှူးကြီးတင်ညွှန့်(လေ-ငြိမ်း)-ဒေါ်ခင်ညွှန့်]တို့၏ညီမ၊ (ဒေါ်ခင်သန်း-ဦးအောင်ထွန်း)တို့၏အစ်မ ဒေါ်ခင်ညွှန့်သည် ၂၅-၇-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၉ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်-၅၇၊ ကျောက်မြောင်းဈေးလမ်းနေအိမ်နှင့် အမှတ်-၇၁၊ ဓမ္မာရုံလမ်း၊ မြေနီကုန်းနေအိမ်တို့မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ညွှန့်

ကျိုက္ခမီ၊ မော်လမြိုင်

### အသက်(၉၁)နှစ်

ရန်ကုန်မြို့ အမှတ်(၅၇)၊ (ဒုတိယထပ်)၊ ကျောက်မြောင်းဈေးလမ်းနေ (ဦးစောညွှန့်-ဒေါ်သန်းနု)တို့၏ သမီး၊ (ဦးဖိုးမှီ-ဒေါ်လေးခင်)တို့၏ သမီးချွေးမ၊ [သီရိပျံချီ ဦးစိန်ကြည်(မြန်မာနိုင်ငံဝန်ထမ်း၊ အထက်တန်းအုပ်ချုပ်ရေးအရာရှိ-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဒေါ်အေးညွှန့်ကြည် (ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ ကုန်ထုတ်ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)-ဦးစောဝင်း (ဒဂုန်ပုံနှိပ်တိုက်)၊ Dr.ငွေညွှန့်ကြည် (ခေတ္တ-UK)၊ ဦးကိုကို (စက်မှုဌာန၊ မြန်မာ့အမျိုးသားလေကြောင်းလိုင်း)-ဒေါ်မဉ္ဇူဦး (လူမှုဖူလုံရေး၊ ငြိမ်း)တို့၏ ချစ်လှစွာသော မိခင်၊ ဦးကြည်စိုးဝင်း (ခေတ္တ-Singapore)-ဒေါ်မြတ်မြတ်စိုး၊ ဦးကျော်ထင်ကိုကို၊ ဦးကြည်ထွန်းဝင်း-ဒေါ်သက်ဆွေဝင်း၊ Dr.ကျော်သက်ကိုကို (Australia)-Dr.မိုးပန်သူ(Australia)တို့၏ ချစ်လှစွာသော အဘွား၊ သွန်းဟေသာထွန်း၊ အိမြတ်ကြည်ဖြူတို့၏ ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်ခင်ညွှန့်သည် ၂၅-၇-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၉ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်-၅၇၊ ကျောက်မြောင်းဈေးလမ်းနေအိမ်နှင့် အမှတ်-၇၁၊ ဓမ္မာရုံလမ်း၊ မြေနီကုန်းနေအိမ်တို့မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်သန်းရီ

### အသက် (၈၉) နှစ်

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၄)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၂၀၅)နေ (ဦးမြတ်လေး-ဒေါ်ငွေသင်)တို့၏သမီး၊ (ဦးသိန်းတင်-ဒေါ်ကြာသင်)တို့၏သမီးချွေးမ၊ [ဦးဝေလင်း(အထွေထွေမန်နေဂျာ-ငြိမ်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ မြန်မာ့သစ်လုပ်ငန်း)]၏ချစ်လှစွာသောဇနီး၊ ဦးစိုးထင် (အထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ လယ်/ဆည်ဝန်ကြီးဌာန)-ဒေါ်ရည်ရည်ခင် (ရည်ရည်ခင်ရွှေဆိုင်၊ မော်လမြိုင်မြို့)တို့၏အစ်မ၊ ဗိုလ်မှူးကြီး မောင်မောင်တင်(ငြိမ်း)-ဒေါ်အေးယုလင်း၊ ဦးညွှန့်ဝင်း-ဒေါ်သက်နုလင်း၊ ဦးဟန်ဇော်လင်း-ဒေါ်ယုယုခိုင်၊ ဗိုလ်မှူးကြီးအောင်မျိုးမင်း-ဒေါ်လဲ့ရည်လင်း၊ ဦးရဲမင်းမင်းသိမ်း-ဒေါ်နွေဦးလင်းတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်သန်းရီသည် ၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ည ၉း၄၄ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၉(သောကြာနေ့)ညနေ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအရွှန်းကူးမား

ပြည်နယ်မန်နေဂျာ (မွန်ပြည်နယ်) (ငြိမ်း)
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

### အသက်(၆၅)နှစ်

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ဆရာစံ(တောင်)ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ်(၉၅)၊ သုံးလွှာ(ဝဲ)နေ ဒေါ်လဲ့လဲ့အောင်(ခ)ဒေါ်ရှယ်လီ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဇော်ထက်အောင်-မမေသက်ဦး၊ ကိုဇော်လင်းအောင်၊ ကိုနိုင်ဝင်းအောင် တို့၏ ချစ်လှစွာသော ဖခင် ဦးအရွှန်းကူးမားသည် ၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၉ရက် ညနေ ၄ နာရီတွင် ရေဝေးဟိန္ဒူသုသာန်၌ ဟိန္ဒူဓလေ့ထုံးစံနှင့်အညီ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါ်နီနီ (ခ) ဖွားနီ (ကညွတ်ကွင်း)

### အသက် (၈၆) နှစ်

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ အမှတ်(၉/B)နေ (ဒုဗိုလ်မှူးကြီးမင်းညီ-ဒေါ်မြမြစိန်)၊ ဒေါ်မြင့်မြင့် (တောင်ငူ)တို့၏ညီမ၊ ဒေါက်တာသီတာမင်းညီ(ကထိက၊ ရန်ကုန်တက္ကသိုလ်)၏အဒေါ် ဒေါ်နီနီ (ခ) ဖွားနီသည် ၂၅-၇-၂၀၁၉ ရက် ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ ကျောင်း ဒါယကာကြီး

## Dr.စောနောင်ဦး

### အသက်(၆၈)နှစ်

ရန်ကုန်မြို့နေ (ဗိုလ်မှူးကြီးထွန်းနောင်-ဒေါ်မေမေသုန်)တို့၏ သားကြီး၊ မိုးကုတ်မြို့နေ (ဦးသာဒင်-ဒေါ်လှမြင့်)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဦးခင်မောင်ဝင်း-ဒေါ်ခင်နှင်းဖြူ၊ ဦးမြင့်ငွေ-ဒေါ်ခင်ချစ်လှ၊ ဦးကျော်ထွန်းနောင်-ဒေါ်နွဲ့နွဲ့သန်း၊ Capကျော်ရှိန်မြင့်-ဒေါ်ခင်မေသီ (USA)၊ ဦးထွန်းနောင်-ဒေါ်ဝင်းဝင်းသိမ်းတို့၏ အစ်ကိုကြီး၊ ဘန်ကောက်မြို့နေ ကိုဇေယျာကိုကိုထွန်း-မစောစန္ဒာစိုး၊ (ကိုအောင်အောင်)၊ ပြင်ဦးလွင်မြို့နေ ဗိုလ်မှူးဇာနည်အောင် - Dr.အိအိ (မန္တလေးပြည်သူ့ဆေးရုံကြီး၊ အကြောအဆစ်ပြန်လည်သန်စွမ်းရေးဌာန)၊ မန္တလေးမြို့ တိုက် (AII)၊ အခန်း(၁၀၄)၊ အောင်မြေမန္တလာဝန်ထမ်းအိမ်ရာ၊ မဲကင်းကုန်းနေ မဂျူဂျူစံ တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်လရောင်သုန်၏အဘိုး၊ ဒေါ်ခင်စိုးမြင့် ၏ ချစ်လှစွာသောခင်ပွန်းသည် ၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၉ (စနေနေ့) နံနက် ၁၀ နာရီတွင် မန္တလေးမြို့ တိုက်(AII)၊ အခန်း(၁၀၄)၊ အောင်မြေမန္တလာဝန်ထမ်းအိမ်ရာ၊ မဲကင်းကုန်းနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မန္တလေးမြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးရဲမြင့် (ဘရေ/ပုံဆွဲ-ငြိမ်း)

### အသက် (၆၈) နှစ်

(ဦးကျော်စိန်-ဒေါ်ခင်စိန်)တို့၏သား၊ (ဦးခင်မောင်တင့်-ဒေါ်ကံစိန်)တို့၏ သားသမက်၊ (ဦးအောင်မြတ်ကျော်)-ဒေါ်စိန်စိန်ဖြူတို့၏ညီ/မောင်၊ (ဒေါ်ငွေငွေ)၊ (ဦးကျော်မိုး)-ဒေါ်လှလှတို့၏အစ်ကို၊ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယလမ်း၊ အမှတ်(၃၂၄)နေ ဒေါ်ခင်ဦး(အထက-၄၊ သင်္ဃန်းကျွန်း -ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးပြည့်ဖြိုးအောင်၊ ဦးဝေလင်းကျော်(သင်္ဃန်းကျွန်း-EPC)-ဒေါ်ဝင်းဝင်းမာတို့၏ဖခင်၊ ဒေါ်အေးအေးမူ(အလယ်တန်းပြ)၊ ဦးမောင်လင်း-ဒေါ်မြင့်မြင့်သန်း၊ ဒေါ်လှလှရီ၊ ဦးမြင့်ထွန်း-ဒေါ်ယဉ်ယဉ်မော်တို့၏ဦးလေး၊ ဗိုလ်ကြီးမြတ်သူ၊ ဒေါ်မေမြတ်မိုးတို့၏ဘကြီး၊ မချောစုအောင်၊ မောင်မင်းခန့်လင်း၊ မောင်ထက်အောင်လွင်၊ မောင်ဘုဏ်းသူရကျော်တို့၏ဘိုးဘိုးသည် ၂၅-၇-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၉ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်မောင်သိန်း

### အသက်(၆၈)နှစ်

ရန်ကုန်မြို့နေ(ဦးကျော်သိန်း-ဒေါ်ညွှန့်ညွှန့်)တို့၏ သား၊ (ဦးဘဝင်း-ဒေါ်စိန်တင်)တို့၏ သားသမက်၊ ဒေါက်တာဦးတင်ဝင်း-ဒေါ်ခင်သန်းရီ၊ (ဦးဝင်းထိန်)-ဒေါ်အေးကြည်မြင့်၊ (ဦးစိုးငြိမ်း)-ဒေါ်သန်းသန်းအေးတို့၏ မောင်/ညီ၊ ဦးစံလင်း-(ဒေါ်မြညွှန့်ဦး)၊ ဦးခင်မောင်ဇော်-(ဒေါ်ချိုနွယ်ဦး)တို့၏ အစ်ကို၊ မောင်ကျော်ကိုကိုဟိန်း-မချိုနွယ်ဦး၊ မောင်ဇော်နောင်နောင်ထိုက်-မခင်ဥမ္မာ၊ (မောင်သန်းဝင်းဟိန်း)၊ မောင်ဇင်ဘိုဘိုဦး-မသင်းသင်းယု တို့၏ မွေးသဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုး၊ ဒေါ်နီနီဝင်း၏ ခင်ပွန်း ဦးကျော်မောင်သိန်းသည် ၂၄-၇-၂၀၁၉ရက် နံနက် ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသက်နိုင်ထွန်း

### အသက်(၃၈)နှစ်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ သစ်မင်းလမ်း၊ အမှတ်(၄၉၀/က)နေ ဦးသန်းဆောင်(ခ)ဆရာတော်ဦးသောဘာသ-ဒေါ်ခင်စန်းရီတို့၏ သား၊ ဦးမောင်မောင်၊ ဦးအောင်နိုင်ထွန်း တို့၏ ညီ၊ ဒေါ်အေးစုလှိုင် ၏ အစ်ကို၊ မောင်အောင်ဇင်ဘို ၏ ဦးလေး၊ ဦးကြည်မြင့်-ဒေါ်ဝင်းဝင်း တို့၏ သားသမက်၊ ဒေါ်ကြည်ကြည်ဝင်း၏ ချစ်လှစွာသော ခင်ပွန်း သည် ၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(၄၉၀/က)၊ သစ်မင်းလမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အမျိုးသားလွှတ်တော်အစည်းအဝေးတွင် လမ်းတံတားဆောက်လုပ်ပေးရေး၊ ကျေးရွာများ အမည်ပေါက်ပြုလုပ်ပေးရေးနှင့် မြို့ကွက်သစ်ဖော်ထုတ်ပေးရေးဆိုင်ရာ မေးခွန်းငါးခု မေးမြန်းဖြေကြား

**နေပြည်တော် ဇူလိုင် ၂၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အဆောက်အဦ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဖတ်ကြားရှင်းလင်း**

အစည်းအဝေးတွင် လမ်းတံတားဆောက်လုပ်ပေးရေး၊ ကျေးရွာများ အမည်ပေါက် ပြုလုပ်ပေးရေးနှင့် မြို့ကွက်သစ်ဖော်ထုတ်ပေးရေးဆိုင်ရာ မေးခွန်းငါးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဘွဲ့ခိန်း၏ **ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်ရှိ ထန်ဟောရ်ချောင်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး

**စာမျက်နှာ ၅ ကော်လံ ၁ သို့**



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပစဉ်။

# MNL-2 ယူ-၁၈ အမှတ်ပေးပြိုင်ပွဲတွင် အား/ကာသိပ္ပံအသင်း ရှုံးပွဲမရှိဘဲ ချန်ပီယံဖြစ်




MNL-2 ယူ-၁၈ အမှတ်ပေးပြိုင်ပွဲ ချန်ပီယံ အား/ကာသိပ္ပံအသင်း အောင်ပွဲခံနေစဉ်။

**ရန်ကုန် ဇူလိုင် ၂၅**

၂၀၁၉ ဘောလုံးရာသီ MNL-2 ယူ-၁၈ အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၄)ကို ယနေ့ညနေပိုင်းက ကျင်းပရာ အား/ကာသိပ္ပံအသင်းက ရှုံးပွဲမရှိဘဲ ချန်ပီယံဆုရခဲ့သည်။ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲတွင် အား/ကာသိပ္ပံအသင်းက မြဝတီအသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။

**ချန်ပီယံဆုရယူနိုင်ခဲ့**

ပွဲစဉ်(၁၃) အပြီးတွင် ၃၇ မှတ်စီရထားသည့် အား/ကာသိပ္ပံနှင့် မြဝတီအသင်းတို့၏ နောက်ဆုံးပွဲမှာ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ဖြစ်ခဲ့ပြီး အား/ကာသိပ္ပံအသင်းက ဂိုးပြတ်အနိုင်ရလဒ်နှင့်အတူ ချန်ပီယံဆုရယူနိုင်ခဲ့ခြင်းဖြစ်သည်။ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၁၄)ကို ကွင်းလေးကွင်း၌ တစ်ချိန်တည်း ယှဉ်ပြိုင်ကစားခဲ့ပြီး အား/ကာသိပ္ပံအသင်းက မြဝတီအသင်းကို သုံးဂိုး-ဂိုးမရှိ၊ ရှိုင်ရယ်သန်လျင်အသင်းက ငွေကြယ်ပွင့်အသင်းကို

**စာမျက်နှာ ၉ ကော်လံ ၄ သို့**

## ကြေးမုံ ယနေ့ ဖတ်စရာ

**ထိုင်းအစိုးရအဖွဲ့သစ်၏ ဦးစားပေးလုပ်ငန်းစဉ်များအား ဖွင့်ဟပြောကြား**

စာမျက်နှာ » ၁၂

**မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်နှစ်စင်း ပစ်လွှတ်**

စာမျက်နှာ » ၁၃

**ရေနံချောင်းမြို့နယ်တွင် စက်လှေတိမ်းမှောက်မှုကြောင့် သေဆုံးသူ ၂၄ ဦးအထိ ရှိလာ**

စာမျက်နှာ » ၁၄

PUN HLAING SILOAM HOSPITALS

ကမ္ဘာပေါ်တွင် အသည်းနှင့်ဆက်စပ်ပြီးဖြစ်ပွားသောရောဂါများကြောင့် နှစ်စဉ်လူအများအပြား အသက်ဆုံးရှုံး လျက်ရှိပါသည်။

The Only JCI Accredited Hospital in Myanmar

Fibroscan စက်ဖြင့် အသည်းကျန်းမာရေး စစ်ဆေးခြင်း အထူးအစီအစဉ်

သင့်မှာ ကြိုတင်စစ်ဆေးကာကွယ်ရန်အခွင့်အရေးရှိပါသည်.

55,000 Ks

ဇူလိုင်လ (၁၇)ရက် မှ ဩဂုတ်လ (၁၇)ရက်နေ့အထိသာ

WORLD HEPATITIS DAY 28 July 2019

facebook Pun Hlaing Siloam Hospitals

ဆက်သွယ်ရန် - ရန်ကုန် (01) 368 4323, 368 4325, 368 4336, (09) 421 042 679